ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (6-11-2013) (၇၆၅၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဩစတြေးလျဘုရင်ခံချုပ်နှင့် ခင်ပွန်းအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိနေသော ဩစတြေးလျမေနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့် ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျမေနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဩစတြေးလျမေနသဟာယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျမေနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံ အလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုရာ ဩစတြေးလျမေနသဟာယနိုင်ငံ ဘုရင်ခံချုပ်က ကင်းထောက်လူငယ်မောင်မယ်များအား ပြန်လည်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဩစတြေးလျမေနသဟာယနိုင်ငံဘုရင်ခံချုပ်က အတူလိုက်ပါလာကြသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဩစတြေးလျမေနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် သဘောတူညီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၁၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်

လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန် လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ -၅ ရက်များတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂ္ဂလာယ်ခန်းမ၌ ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သောအဖွဲ့နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အသီးသီးမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များတက်ရောက်ကြပါသည်။ လေ့လာသူများအဖြစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ ဝမ်ရင်ဖန်းတို့လည်း တက်ရောက်ကြပါသည်။

၂။ အဆိုပါဆွေးနွေးပွဲတွင် လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များက ဖွဲ့စည်းသော **တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(Nationwide Ceasefire Coordination Team-NCCT)**က ရေးဆွဲသည့် **လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဘုံသဘောထားရပ်တည်ချက်များ(လိုင်ဇာသဘောတူညီချက်)**ကို တင်ပြဆွေးနွေးပြီး **ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**သို့ ပေးအပ်ပါသည်။

၃။ အလားတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် ရေးဆွဲထားသည့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်(မူကြမ်း)**ကို **တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့**(NCCT)သို့ ပေးအပ်ပါသည်။

၄။ အဆိုပါဆွေးနွေးပွဲမှ နိုင်ငံရေးသဘောတူညီချက်များ ရရှိသည်အထိ အောက်ပါအချက်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သဘောတူညီကြပါသည်။

(က) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊

(ခ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်များချမှတ်ရေး၊

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပရေး။

၅။ **တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့**(NCCT) သည် **တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်** ချုပ်ဆိုနိုင်ရေးအတွက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ် ဘားအံမြို့၌ **ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**နှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူညီကြပါသည်။

၆။ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်မည့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ဆောင်ရွက်နိုင်ရန် ဦးတည်လျက် ယခုအစည်းအဝေး၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ် နှစ်ဖက်ကိုယ်စားလှယ်များက ကျေနပ်အားရကြပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံး ကျင်းပနိုင်ရန် သဘောတူညီထားကြကြောင်း ပူးတွဲသတင်းထုတ်ပြန်ထားသည်ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၅

ယမန်နေ့ည ၁၁ နာရီ ၁၅ မိနစ် ၁၆ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၆၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(သပိတ်ကျင်းမြို့၏ အရှေ့ဘက် လေးမိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုရှစ်မျက်နှာ ပါရှိပါသည်။

ကြေးမုံ စာတည်း ရှုထောင့် | **၆-၁၁-၂၀၁၃၊ ဗုဒ္ဓဟူးနေ့**

ရွှေရောင်အိပ်မက်များ

အားကစားဟူသည် လူတစ်ဦး၊ အသင်းအဖွဲ့တစ်ခု၊ ပတ်ဝန်းကျင်တစ်ရပ်အတွက် ပျော်ရွှင်လန်းဆန်းဖွယ် လှုပ်ရှားမှုဟု ထင်မြင်နိုင်ဖွယ်ရှိသည်။ နိုင်ငံနှင့်လူမျိုးတစ်စုလုံးအတွက် လွှမ်းခြုံကြည့်မည်ဆိုလျှင် နိုင်ငံနှင့်လူမျိုး၏ ကြီးမားသည့်ဂုဏ်သိက္ခာနှင့်တန်ဖိုးဖြစ်ပေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အားကစားကို ပြည်သူတို့က အင်တိုက်အားတိုက် အုန်းအုန်းကျွက်ကျွက်အားပေးကြပြီး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို ဖော်ဆောင်မြှင့်တင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း တစ်ချိန်သောကာလက ပြောင်မြောက်သည့်အားကစားကြောင့် နိုင်ငံနှင့်လူမျိုး၏ဂုဏ် မြင့်မားတောက်ပြောင်ခဲ့သည်။

မျက်မှောက်ကာလတွင် ယင်းရွှေရောင်အိပ်မက်မျှော်မှန်းချက်တို့ ငွားငွားစွင့်စွင့်ပေါ်ထွက်လာတော့မည်ဟု ဆိုချင်ပါသည်။ ယခင်က ရေမြေရပ်ခြားတွင် မိမိတို့နိုင်သလောက်ဝန်နှင့် စွမ်းသလောက်အားဖြင့် အတတ်နိုင်ဆုံး ယှဉ်ပြိုင်ခဲ့ကြရသော်လည်း ယနေ့ကာလတွင် ကိုယ်ပိုင်ကွင်းတွင် ကိုယ်ပိုင်စွမ်းအားအပြည့်ဖြင့် အစွမ်းကုန်ယှဉ်ပြိုင်နိုင်တော့မည်ဖြစ်၍ ရွှေရောင်အိပ်မက်များ မလွဲမသွေပိုင်ဆိုင်လာနိုင်တော့မည်ဟု ယုံကြည်ပါသည်။

နှစ်ပေါင်း ၄၄ နှစ်ကြာကာလတွင် ကြုံတောင့်ကြုံခဲ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပမည့်ရက်မှာလည်း နီးကပ်၍လာပြီဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် အားကစားရုံ၊ အားကစားကွင်းနှင့် အခြားဆက်စပ်အဆောက်အအုံ၊ ပစ္စည်းတို့ သာမက ဆိုင်ရာအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်နှင့်အားကစားသမားတို့မှာလည်း အသင့်ဖြစ်နေကြပြီ။

နိုင်ငံတကာအဆင့်မီ အားကစားနှင့်ဆိုင်ရာဆိုင်ရာတို့သည် ယခင်က မမြင်မတွေ့ခဲ့ရဖူးသဖြင့် အိပ်မက်မက်သကဲ့သို့ပင် ခံစားရသည်။ နိုင်ငံတော်၏ ဦးဆောင်စီစဉ်မှုနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် ပေါ်ထွန်းလာသော အားကစားအဆောက်အအုံများမှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

ထိုသို့ရွှေရောင်အိပ်မက်များ အမှန်တကယ်လက်တွေ့ကျကျ အကောင်အထည်ပေါ်လာရန်မှာ အားကစားသမားများနှင့် ဆိုင်ရာအဖွဲ့အစည်းတို့သာမက နိုင်ငံသားပြည်သူအားလုံးတို့အပေါ်တွင် ကျရောက်နေပြီဟု ဆိုချင်ပါသည်။

အမျိုးသားရေးနှင့်ယှဉ်လျှင် နိုင်ငံနှင့်လူမျိုးအတွက် အရေးပါအရာရောက်သဖြင့် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်အားပေးကြရတော့မည်ဖြစ်သည်။ တရားသောယှဉ်ပြိုင်ခြင်းကို အားကစားစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို ပြသကြရတော့မည်ဖြစ်သည်။

အားကစားအောင်မြင်လျှင် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာမြင့်မားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရာတွင် အားကစားသည် အကောင်းဆုံးကြားခံပစ္စည်းတစ်ရပ်ဖြစ်သည်ကိုလည်း သတိမူရမည်ဖြစ်သည်။

အားကစားဆိုသည်မှာ ပျော့ပျောင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ နာခံတတ်မှု၊ အဆင်သင့်ဖြစ်မှု၊ ပါးနပ်လိမ္မာမှု၊ ကျွမ်းကျင်မှုတို့ပေါင်းစပ်ထားသော အရာဖြစ်သည်။ အားကစားစိတ်ဓာတ်ဆိုသည်မှာလည်း တရားသဖြင့်ယှဉ်ပြိုင်ခြင်း၊ ကိုယ်ချင်းစာနာစိတ်ရှိခြင်း၊ အပြန်အလှန်လေးစားခြင်းတို့ဖြစ်သည်။

အရေးအကြီးဆုံးလိုအပ်ချက်မှာ စည်းကမ်းထိန်းသိမ်းရေးဖြစ်သည်။ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲကြီးဖြစ်၍ ပြိုင်ပွဲဝင်မည့်အားကစားသမားများရော ကြည့်ရှုအားပေးကြမည့် ပရိသတ်များကပါ နိုင်ငံကြီးသားပီသသည့် ပြိုင်ပွဲဝင်မှုနှင့် ကြည့်ရှုအားပေးမှုများ ပြုကြရမည်ဖြစ်သည်။

ထိုကဲ့သို့သော စိတ်ဓာတ်များအား ယခုကတည်းကမွေးမြူထားကြမှသာလျှင် မိမိတို့မျှော်လင့်ထားသော ရွှေရောင်အိပ်မက်များ အမှန်တကယ်ပေါ်ထွက်လာပြီး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို ပြန်လည်မြှင့်တင်ဖော်ဆောင်ပေးရာရောက်မည်ဟု ယုံကြည်ပါသည်။ ။

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောဟူသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော် သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဒွေး (အတွင်းရေးမှူး)နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း-၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော်ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူအများမှ အထက်ဖော်ပြပါ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အစိုးရအထက်တန်းကျောင်း (ဟုန်းလမ်း၊ ထီးတန်း) ကျောင်းတော်ကြီးတွင် ၁၉၅၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့က ၁၉၅၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အထက်ပါကျောင်းတွင် ပညာများပို့ချခဲ့သည့် ဆရာသခင်ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတု မြတ်ဆရာကန်တော့ပွဲနှင့် ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူဟောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို လာမည့် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (အမျိုးသားနေ့) [နိုဝင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့)] နံနက် ၁၀နာရီမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ၊ အလုပ်အမှုဆောင်အဖွဲ့မှ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ကြိုတင်ဖိတ်ကြားထားကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရရှိသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကန်တော့ပွဲ အခမ်းအနားသို့ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"သောတပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၁၀း၁၀	ခေတ်သစ်ပျိုမေ
၁၂း၄၀	အံ့ဖွယ်ထူးခြား မြန်မာပြည် အလယ်ပိုင်းမှတန်ခိုးကြီးဘုရားများ
၈း၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၁၀၆)
၉း၁၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (ဇာတ်သိမ်းပိုင်း)
၉း၄၀	**Let's Talk**

စာအုပ် စာပေ လူ့မိတ်ဆွေ

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်	ရွှေဈေး	၆၈၄၆၀၀	-	၆၈၅၆၀၀
မန္တလေး	ရွှေဈေး	၆၈၄၅၀၀	-	၆၈၅၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၄. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၃၇
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၀၅၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၃၃
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၄၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၆. ၄၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၅၀၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၂၄. ၉၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

☆စစ်တောင်းမြစ်ရေမှ

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာ	အိမ်ထောင်စု	လူဦးရေပေါင်း	ကယ်ဆယ်ရေးစခန်း
၁	ရေတာရှည်	၁၈	၅၀၄၁	၁၉၀၅၉	၂၈
၂	တောင်ငူ	၁၇	၃၉၅၃	၁၅၈၃၀	၃၃
၃	အုတ်တွင်း	၁	၂၁၇၀	၈၈၃၈	၁၁
၄	ထန်းတပင်	၁၂	၂၅၁၀	၆၁၂၁	-
	စုစုပေါင်း	၄၈	၁၃၆၇၄	၄၉၈၄၈	၇၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တောင်ငူမြို့အမှတ်(၂၀)ရပ်ကွက်ရှိ လောကုတ္တရာစေတီယာယီကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးစဉ်။ (သတင်းစဉ်)

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ သတ္တမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ပစ်ခတ်ခြင်းနှင့် ဆဋ္ဌမနေ့ပွဲစဉ်များ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ သတ္တမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပြင်ဦးလွင်မြို့ တပ်မတော်စက်ပစ်ကွင်းရှိ သတ်မှတ်စက်ပစ်ကွင်းများ၌ ယှဉ်ပြိုင်ပစ်ခတ်ကြရာ ပစ္စတိုအမျိုးသမီးပွဲစဉ်(၄) အသင်းလိုက်ပြိုင်ပွဲများနှင့် ပစ္စတိုအမျိုးသားပွဲစဉ်(၅) အသင်းလိုက်ပြိုင်ပွဲများကို မီတာ(၁၀၀)စက်ပစ်ကွင်း၌ လည်းကောင်း၊ စက်သေနတ်ပစ်ပြိုင်ပွဲ ပွဲစဉ်(၃)အသင်းလိုက်ပြိုင်ပွဲများနှင့် ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲ ပွဲစဉ်(၅) အသင်းလိုက်ပြိုင်ပွဲများကို မီတာ (၆၀၀)စက်ပစ်ကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ပစ်ခတ်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဆဋ္ဌမနေ့ယှဉ်ပြိုင်ခဲ့ကြသည့် ပွဲစဉ်များအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို တပ်မတော်စက်ပစ်ကွင်း၌ ကျင်းပရာ ကာဘိုင်ပစ်ခတ်စဉ် ပွဲစဉ်(၅) အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသော မြန်မာနိုင်ငံသေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံ သေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော မလေးရှားနိုင်ငံသေနတ်ပစ်အသင်းတို့အား (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်တင်မောင်ဝင်းကလည်းကောင်း၊ ပစ္စတိုအမျိုးသမီးပစ်ခတ်စဉ် ပွဲစဉ်(၃)အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသော အင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ထိုင်းနိုင်ငံ သေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော မြန်မာနိုင်ငံ သေနတ်ပစ်အသင်းတို့အား (၂၃)ကြိမ်မြောက် တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲလုပ်ငန်းကော်မတီအတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မြင့်ကလည်းကောင်း၊ ပစ္စတိုအမျိုးသားပစ်ခတ်စဉ် ပွဲစဉ်(၄) အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသောဖိလစ်ပိုင်နိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော ထိုင်းနိုင်ငံ သေနတ်ပစ်အသင်းတို့အား မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း အောင်နိုင်ရေးကော်မတီအတွင်းရေးမှူးဗိုလ်ချုပ်လှဝင်းကလည်းကောင်း၊ ရိုင်ဖယ်ပစ်ခတ်စဉ် ပွဲစဉ်(၄) အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသောအင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံသေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော ထိုင်းနိုင်ငံ သေနတ်ပစ်အသင်းတို့အား မလေးရှားနိုင်ငံ သေနတ်ပစ်အသင်း ခေါင်းဆောင် Lieutenant Colonel Aminullah Bin Haji Omar တို့က ဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

နိုဝင်ဘာ ၂ ရက်မှစ၍ ရေပြန်လည်ကျသွားသည့်အတွက် နိုဝင်ဘာ ၄ ရက်အထိ ကယ်ဆယ်ရေးစခန်း ၃၃ ခု၊ လူဦးရေ ၁၅၈၃၀ ၊ အိမ်ထောင်စု ၃၉၅၃သာကျန်ရှိခဲ့ပြီး နိုဝင်ဘာ ၆ ရက်တွင် မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တောင်ငူခရိုင်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်လက်အောက်ခံတပ်များမှ အရာရှိ/စစ်သည်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေတာတမံကျိုးပေါက်၍ ပြုပြင်ရေးလုပ်ငန်းနှင့်ထောက်ပံ့ရေးလုပ်ငန်းများကို ဂွန်ဆင်စက်လှေအသုံးပြု၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ အောက်တိုဘာ ၂၉ ရက်တွင် တောင်ငူမြို့နယ် ကမ်းနီကျေးရွာအုပ်စုရှိ ရေတာတမံကျိုးပေါက်ခြင်း၊ အောက်တိုဘာ ၃၀ ရက်တွင် တောင်ငူမြို့နယ် အရှေ့ဆင်ကျေးရွာအုပ်စု ကမ္ဘာနီကျေးရွာရှိရေတာတမံကျိုးပေါက်ခြင်း၊ အောက်တိုဘာ ၃၀ ရက်တွင် တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာ အုပ်စုရှိရေတာတမံကျိုးပေါက်ခြင်း၊ အောက်တိုဘာ ၃၀ ရက်တွင် သုံးနေရာကျိုးပေါက်ခြင်း စုစုပေါင်း ငါးနေရာ ကျိုးပေါက်ခြင်းများအား အလျင်အမြန်ပြုပြင်ဆောင်ရွက်ပေးခြင်း၊ နိုဝင်ဘာ ၁ ရက်တွင် ထန်းတပင်မြို့နယ် ဆိပ်ကြီးရွာနှင့် ချောင်းဝရွာဆက်သွယ်ထားသော မြေသားတမံသုံးနေရာ ကျိုးပေါက်ခြင်းများအား အမှတ်(၃၃၀) အမြောက်တပ်ရင်း၊ အမှတ်(၆၀၄) ဒုံးတပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းမှ အရာရှိ/ စစ်သည်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည်။

အောက်တိုဘာ ၂၉ ရက်တွင် ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုရှိ ပေ ၁၂၀၀ ခန့်ရှိသော တာရိုးအပေါ် စစ်တောင်းမြစ်ရေလျှံတက်မှုအား သဲအိတ်ဖို့ခြင်း၊ ငုတ်ရိုက်ခြင်းများအား အမှတ်(၃၃၀)အမြောက်တပ်ရင်းမှ အရာရှိ/ စစ်သည်များ၊ အမှတ်(၆၀၄)ဒုံးတပ်ရင်းမှ အရာရှိ/စစ်သည်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးသည်။ အောက်တိုဘာ ၃၁ ရက်တွင် စစ်တောင်းမြစ်ရေလျှံမှုကြောင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား အမှတ်(၆)တပ်မတော်တန်းမြင့် သင်တန်းကျောင်းမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအား မြို့မိမြို့ဖများ၊ ဒေသခံများနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးခဲ့သည်။ တောင်ငူခရိုင်တွင် မြစ်ရေကြီးသည့်မြို့နယ်များသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် လက်အောက်ခံတပ်နယ်များသည် ဆန်အိတ်၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်နှင့် ထမင်းထုပ်များ ဝေငှပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအား ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်ရေတက်လာမှုကြောင့် အောက်တိုဘာ ၃၀ ရက်တွင် ရေဘေးသင့်ဖြစ်ပွားရာနေရာများသို့ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးသည် လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် အတွင်းရေးမှူး ဦးမောင်မောင်သန်းသည်လည်းကောင်း တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဆန်၊ ဆီနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။ နိုဝင်ဘာ ၁ ရက်တွင် တိုင်းဒေသကြီးသစ်တော၊ သတ္တုဝန်ကြီး ဦးကျော်ဌေးသည် ထန်းတပင်မြို့နယ်သို့ သွားရောက်၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

နိုဝင်ဘာ ၄ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် တောင်ငူမြို့ရှိ အမှတ်(၈) ရပ်ကွက်ရှိအမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အမှတ်(၁၉)ရပ်ကွက်ရှိအမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အမှတ်(၂၀)ရပ်ကွက်ရှိ လောကုတ္တရာစေတီယာယီကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအားလည်းကောင်း၊ အုတ်တွင်းမြို့နယ် သာဂရကျေးရွာဘုန်းကြီးကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းတွင်ရှိ ရေဘေးသင့်ပြည်သူများအားလည်းကောင်း သွားရောက်တွေ့ဆုံအားပေးပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

နိုဝင်ဘာ ၄ ရက်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုမ္ပဏီများနှင့် အလှူရှင်များမှ ဆန်၊ ဆီနှင့် အိမ်သုံးပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေ ၂၅၆၉၉၃၃၁၁ ကျပ်အား အောက်ပါအတိုင်း လှူဒါန်းထောက်ပံ့ခဲ့သည်-

(က)	တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းခြင်း	၃၅၉၄၉၅၉၉ ကျပ်
(ခ)	ရေဘေးကယ်ဆယ်ရေးစခန်းများသို့ WFPမှ လှူဒါန်းခြင်း	၈၂၇၆၉၂၀၀ ကျပ်
(ဂ)	အသင်းအဖွဲ့နှင့် အလှူရှင်များမှ လှူဒါန်းခြင်း	၁၃၈၂၇၄၅၁၂ ကျပ်
	စုစုပေါင်း	၂၅၆၉၉၃၃၁၁ ကျပ်

နိုဝင်ဘာ ၄ ရက်တွင် တောင်ငူမြို့၏ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၆၀၀ စင်တီမီတာအောက် ၅၆၅ စင်တီမီတာသို့ပြန်လည်ကျဆင်းလာခဲ့သဖြင့် အချို့ကယ်ဆယ်ရေးစခန်းရှိမိသားစုများနှင့် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြသော မိသားစုဝင်များသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်နေထိုင်ကြပြီဖြစ်ပြီး ခေတ္တပိတ်ထားသည့် စာသင်ကျောင်းများအားလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းပိတ်ရက်များ ပြန်လည်အစားထိုး သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တောင်းမြစ်ရေကြီးမှုကြောင့် ရေလွှမ်းခံခဲ့ရသော စပါးခင်းအများစုမှာ ရင့်မှည့်၍ ရိတ်သိမ်းခါနီးဆဲဆဲအခြေအနေတွင်ရှိသည်။ စပါးအနှံ့အထိ ရေမလွှမ်းဘဲ ရေဝင်ရောက်သော ဧရိယာများသည် ပျက်စီးမှုမရှိနိုင်သော်လည်း စပါးရင့်မှည့်ပြီး တစ်ပင်လုံးမြုပ်သွားသော စပါးခင်းများနှင့် ရေထွက်ရန်ခက်သော အနိမ့်ပိုင်းလယ်မြေများရှိစပါးခင်း အနည်းငယ်မှာ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးနိုင်ပြီး အချို့လယ်များမှာ အထွက်နှုန်းကျဆင်းခြင်း၊ ဆန်အရည်အသွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ တောင်ငူခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေကြီးခဲ့ပြီး ရိတ်သိမ်းခါနီးမိုးစပါးစိုက်ခင်း ၅၇၃၉၅ ဧက ရေလွှမ်းခံခဲ့ရသည်။ ရေတာရှည်မြို့နယ် ကျေးရွာအုပ်စု ၂၉ အုပ်စုရှိ လယ်မြေ ၁၃၅၈၃ ဧကမှာ ၆ ရက်မှ ၇ ရက်ခန့်၊ တောင်ငူမြို့နယ် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ လယ်မြေ ၁၁၅၄၆ ဧကမှာ ၄ ရက်မှ ၅ ရက်ခန့်၊ အုတ်တွင်းမြို့နယ် ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ လယ်မြေ ၁၄၅၃၂ ဧကမှာ ၂ ရက်မှ ၆ ရက်ခန့်၊ ထန်းတပင်မြို့နယ် ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ လယ်မြေ ၁၅၂၇၉ ဧကမှာ ၂ ရက်မှ ၆ ရက်ခန့်နှင့် ဖြူးမြို့နယ် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ လယ်မြေ ၂၄၅၅ ဧကမှာ ၁ ရက်သာ ရေဝင်နစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။

နိုဝင်ဘာ ၄ ရက်အထိ စပါးစိုက်လယ်မြေ ၅၄၉၈၈ ဧကမှာ ပြန်ပေါ်ခဲ့ပြီး ရေလွှမ်းဆဲ ဧက ၂၄၀၇ သာ ကျန်ရှိသည်။ ရေလွှမ်းခံခဲ့ရသော စပါးခင်းများမှာ ထိခိုက်နိုင်ပြီး အထွက်နှုန်းကျဆင်းခြင်း၊ ဆန်အရည်အသွေး ကျဆင်းခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ရေလွှမ်းခံရသော လယ်မြေဧက ၅၀၀၀၀ ကျော်အနက်တွင် ဧကသုံးသောင်းကျော်ခန့် ထိခိုက်ပျက်စီးမှုရှိနိုင်ပြီး ယင်းအနက် ဧက ၁၅၀၀၀ ခန့်မှာ ပျက်စီးဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းရသည်။ အထက်ပါစာရင်းမှာ နိုဝင်ဘာ ၄ ရက်နေ့ အခြေအနေဖြစ်ပြီး ယနေ့တွင် ရေထပ်ကျမည်ဖြစ်၍ ရေလွှမ်းဧကများ ပြန်ပေါ်လာနိုင်မည်ဖြစ်သည်။ ထိခိုက်ပျက်စီးမှုစာရင်း အတိအကျရရှိရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ဆဲဖြစ်သည်။ ထိခိုက်ပျက်စီးသော လယ်များအား ဆောင်းသီးနှံဖြစ်သော မတ်ပဲအစရှိသော ပဲမျိုးစုံအသုံးပြု၍ အစားထိုးစိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်ထောက်ပံ့မှု အပါအဝင် အခြားထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေဘေးသင့်ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ထောက်ပံ့ကူညီမှုများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စစ်တောင်းမြစ်ရေတက်မှုကြောင့် ရေကြီးနစ်မြုပ်မှုများ၊ ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရမှုအခြေအနေအား သုံးသပ်ရာတွင် စစ်တောင်းမြစ်သည် မြစ်ကြောင်းကွေ့ကောက်မှုများခြင်းကြောင့်လည်းကောင်း၊ စစ်တောင်းမြစ်အတွင်းစီးဝင်သော ချောင်းများမှ သဲနုန်းများကြောင့်လည်းကောင်း ၊ မိုးသည်းထန်စွာရွာသွန်းသည့်အခါ မြစ်ကြောင်းအကွေ့အကောက်များစွာဖြင့် စီးဆင်းရခြင်းကြောင့် မြစ်ရေများ အလွယ်တကူ စီးဆင်းနိုင်ခြင်းမရှိဘဲ မြစ်ရေမြင့်တက်မှုများဖြစ်ပေါ်ခဲ့သည်ဟု တွေ့ရှိရသည်။

စစ်တောင်းမြစ်ရေမြင့်တက်မှုကို ကာကွယ်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝေါမြို့နယ် သူရဲသူမိန်စစ်တောင်းမြစ်ကွေ့ဖြတ်ဖောက်ခြင်းလုပ်ငန်းနှင့် မြစ်ကွေ့ဖြတ်တူးမြောင်းအထောက်အကူပြု ရေတာတမံအား စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်တောင်းမြစ်အတွင်း ရေကြီးမှုများမဖြစ်ပေါ်စေရေးအတွက် သဲတားရေကာတာများ ဆောက်လုပ်ထိန်းသိမ်းခြင်း၊ ‘ဂ’ငယ်ပုံသဏ္ဍာန်ရှိသော မြစ်ကြောင်းများအား ဖြတ်ဖောက်ခြင်း၊ မြစ်ကွေ့ဖျက်ဖောက်ခြင်း ဆောင်ရွက်သင့်သောလုပ်ငန်း စုစုပေါင်း ၂၃ နေရာအား နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ရန်ပုံငွေများဖြင့် ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ချ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်ကြီး ဂန္ဒီ၏ ဗိုင်းငင်စက်ဘီးကိုရိယာ လေလံတင်မည်

လန်ဒန် နိုဝင်ဘာ ၅

အိန္ဒိယလွတ်လပ်ရေးသူရဲကောင်း မဟတ္တမဂန္ဒီ အသုံးပြုခဲ့သော ဗိုင်းငင်စက်ဘီးကိုရိယာကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အိန္ဒိယလွတ်မြောက်ရေးကာလအတွင်း မဟတ္တမဂန္ဒီ ထောင်တွင်းအကျဉ်းချခံရစဉ်ကာလအတွင်း ဗိုင်းငင်စက်ဘီးကိုရိယာကို ၎င်း၏အသုံးအဆောင်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။

မဟတ္တမဂန္ဒီသည် ပူနေးမြို့ရှိ ဘဝါဒါအကျဉ်းထောင်အတွင်း ထောင်ဒဏ်ကျခံစဉ် အသုံးပြုခဲ့သည့် ဗိုင်းငင်ကိရိယာကို အခြေခံဈေးအဖြစ် ပေါင် ၆၀၀၀၀ (အမေရိကန်ဒေါ်လာ ၉၆၀၀၀) သတ်မှတ်ထားသည်။

လေလံပွဲကျင်းပသည့် မူလော့ခ်လေလံအဖွဲ့က အဆိုပါ ဗိုင်းငင်စက်ဘီးကိုရိယာအပြင် မဟတ္တမဂန္ဒီ၏ အသုံးအဆောင်ပစ္စည်းအမျိုးအစား ၆၀နီးပါးကို ယနေ့ လေလံတင်ရောင်းချမည်ဖြစ်သည်။

ယခုလေလံတင်ရောင်းချမည့် ဗိုင်းငင်စက်ဘီးကိုရိယာမှာ အမေရိကန်လွတ်လပ်သော ကက်သလစ်ဘာသာသာသနာပြုအဖွဲ့မှ သိက္ခာတော်ရဆရာ ဒေါက်တာ ဖလွိုက်အေပက်ဖ်ဖာက မဟတ္တမဂန္ဒီအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မဟတ္တမဂန္ဒီသည် အဆိုပါ ဗိုင်းငင်စက်ဘီးကိုရိယာကိုအသုံးပြု၍ ၎င်း၏စိတ်တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ခဲ့သည်ဟုဆိုသည်။ မဟတ္တမဂန္ဒီ၏အသုံးအဆောင်ပစ္စည်းများအား ပုံမှန်အားဖြင့် လေလံတင်ရောင်းချခဲ့ရာတွင် ယင်းကိရိယာမှာ လူသိများ အထင်ရှားဆုံးဖြစ်သည်။ **ဘီဘီစီ။**

အိန္ဒိယ လွတ်လပ်ရေးသူရဲကောင်း မဟတ္တမဂန္ဒီ ဗိုင်းငင်နေသည့် မှတ်တမ်းပုံ။

နယူးဂျာစီပြည်နယ်ရှိကုန်တိုက်ရှေ့တွင် သေနတ်သံများ ပေါ်ထွက်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၅

အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ပါရာမတ်စ်မြို့ရှိ ကုန်တိုက်တစ်ခုရှေ့တွင်နိုဝင်ဘာ ၄ရက်ညက သေနတ်ပစ်ခတ်သံများကြားခဲ့ကြရကြောင်း၊ သေနတ်သမားသည် ကုန်တိုက်၏အစွန်အဖျား လူအရောက်အပေါက်နည်းသော နေရာတစ်နေရာတွင် မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရရှေ့နေတစ်ဦးကပြောကြားသည်။

သေနတ်သမားမှာ အသက် ၂၀အရွယ် ရစ်ချတ်ရှူဆိုသူဖြစ်ပြီး ၎င်း၏ရုပ်အလောင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၃ နာရီ မိနစ် ၂၀ တွင် ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ရစ်ချတ်သည် ၎င်း၏ဦးခေါင်းကို သေနတ်ဖြင့်ပစ်ခတ်ခြင်းမပြုမီ ခြောက်ကြိမ်ထက်မနည်း သေနတ်ပစ်ဖောက်ခဲ့ကြောင်း၊သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မှ သေနတ်ထိမှန်ခံရခြင်းမရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နိုဝင်ဘာ ၄ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ကုန်တိုက်ပိတ်လုခါနီးအချိန်တွင် သေနတ်သံများပေါ်ထွက်ခဲ့သည်ဟုဆိုသည်။ **ရိုက်တာ။**

လက်ဝဲယိမ်းနိုင်ငံရေးပါတီကို ဖျက်သိမ်းပေးရန် တောင်ကိုရီးယားအစိုးရက တရားရုံးသို့လျှောက်ထား

ဆိုးလ် နိုဝင်ဘာ ၅

တောင်ကိုရီးယားနိုင်ငံရှိ လက်ဝဲယိမ်းနိုင်ငံရေးပါတီကို ဖျက်သိမ်းပေးရန် အစိုးရအဖွဲ့က တရားရုံးတော်သို့ ဦးတည်လျှောက်ထားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ညီညွတ်သော တိုးတက်ရေးပါတီ(ယူပီပီ)အမည်ရှိ လက်ဝဲယိမ်းနိုင်ငံရေးပါတီကို မြို့တော်ဆိုးလ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖျက်သိမ်းပေးရန် ဝန်ကြီးအဖွဲ့ကလိုလားကြောင်း တောင်ကိုရီးယားတရားရေးဝန်ကြီး ဟွန်ကျိုအန်းက ပြောကြားသည်။

အဆိုပါလက်ဝဲယိမ်းပါတီသည် ဒီမိုကရေစီ၏ အခြေခံစည်းမျဉ်းများနှင့် ညီညွတ်မှုမရှိတော့ကြောင်း၊ ယင်းပါတီ၏ အခြေခံမူများနှင့် ရည်ညွှန်းချက်များသည် ဒီမိုကရေစီလွှဘောင်ကို ဆန့်ကျင်နေကြောင်း၊ သို့ဖြစ်၍ ယင်းပါတီကို ဖျက်သိမ်းပေးသင့်သည်ဟု ယူဆကြောင်း ဝန်ကြီး ဟွန်က ပြောကြားသည်။

ညီညွတ်သော တိုးတက်ရေးပါတီသည် ပါလီမန်၏ အမတ်နေရာ ၂၉၈ နေရာအနက် ခြောက်နေရာသာ ရရှိထားသည်။ အဆိုပါတီမှ ပါတီဝင်များသည် တောင်ကိုရီးယားအစိုးရအဖွဲ့အား ဖြုတ်ချရန် ကြံစည်မှုရှိကြောင်း စွပ်စွဲခံရသည်။ သို့ရာတွင် ယင်းစွပ်စွဲချက်ကို ယူပီပီပါတီက ငြင်းဆိုခဲ့သည်။ **ပီတီအိုင်။**

လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ်ကသတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ပြောကြားစဉ်။

နိုင်ငံရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးဥပဒေကြမ်း ထိုင်းဝန်ကြီးချုပ် ကာကွယ်ပြောကြား

ဗန်ကောက် နိုဝင်ဘာ ၅

ထိုင်းနိုင်ငံ၌ နိုင်ငံရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာက နိုဝင်ဘာ ၄ရက်တွင် ကာကွယ်ပြောကြားလိုက်သည်။

နိုင်ငံရေးဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ပြီး အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။

ထိုင်းနိုင်ငံ၌ နှစ်ပေါင်းများစွာ ပြည်တွင်းသဘောထားကွဲလွဲမှုဖြစ်ပေါ်ခဲ့ခြင်းကို မေ့ပျောက်ပစ်ရန် လိုအပ်မည်ဖြစ်ကြောင်း ယင်လပ်က ပြောကြားသည်။

အဆိုပါ ဥပဒေကိုအတည်ပြုနိုင်မည်ဆိုပါက ယင်လပ်၏ အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာအား ပြည်တော်ပြန်နိုင်ရန်လမ်းဖွင့်ပေးနိုင်ကြောင်း အတိုက်အခံများက ပြောကြားသည်။ သက်ဆင်သည် ယခုအခါ ပြည်ပြေးတစ်ဦးအဖြစ် ပြည်ပ၌ နေထိုင်လျက်ရှိသည်။

ထိုင်းနိုင်ငံ၌ နှစ်ပေါင်းကြာရှည်စွာ ညီညွတ်မှု ပျက်ပြားခဲ့မှုမှ ပြန်လည်ကျော်လွှားလွန်မြောက်ကာ အမျိုးသားပြန်လည်ပေါင်းစည်းမှုဖြစ်ပေါ်စေရန် နိုင်ငံရေးအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

အဆိုပါဥပဒေကြမ်းကို လွန်ခဲ့သည့်ရက်သတ္တပတ်က ပါလီမန်၌စတင်ဆွေးနွေးခဲ့ချိန်မှစ၍ မြို့တော်ဗန်ကောက်၌ ဆန္ဒပြပွဲများ နေ့စဉ်ဖြစ်ပွားလျက်ရှိသည်။ **ပီတီအိုင်။**

ပညာရေးစနစ်ကောင်းမွန်ရန် ရှေးကဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူပြီး လုပ်ဆောင်

နေပြည်တော် နိုဝင်ဘာ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှကျင်းပသည့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သို့ရာတွင် ပညာရေးကဏ္ဍအရေးကြီးသည်ဟု အမွှမ်းတင်ပြောဆိုနေကြသော်လည်း အားပေးမှု၊ ဝိုင်းဝန်းကူညီမှုနှင့် လုပ်ဆောင်ချက်အပိုင်း၊ အကောင်အထည်ဖော်သည့်အပိုင်းများတွင် အားနည်းလျက်ရှိနေသေးပါကြောင်း၊ အချို့ကိစ္စရပ်များတွင် ဥပဒေများ ပြောင်းလဲပြုပြင်ပြီးမှ ဆောင်ရွက်ရမည့်ကိစ္စများရှိမှာဖြစ်သကဲ့သို့ ဥပဒေများမပြုပြင်နိုင်သေးမီ လုပ်ဆောင်နိုင်သည့်ကိစ္စများအား တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ဘက်မှ ပါဝင်ကူညီရမည့် ကိစ္စရပ်များရှိသကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း လျင်လျင်မြန်မြန် သွက်သွက်လက်လက် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဘက်မှ ပါဝင်ကူညီရန်ကိစ္စရပ်များကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးစနစ်ကောင်းသည်ဟု ပြောကြသည့်အချိန်တွင် မိမိတို့သည် ကျောင်းသားဘဝတွင်ရှိခဲ့ပြီး ပညာရေးစနစ်မကောင်းဘူးဟု ပြောဆိုနေသော ယနေ့အချိန်အခါတွင် မိမိတို့အနေဖြင့် ပညာရေးဆိုင်ရာ ဆရာ ဆရာမကြီးများ အပိုင်းနှင့် ပညာရေးဆိုင်ရာစီမံခန့်ခွဲသူများအပိုင်းသို့ရောက်ရှိနေကြပြီဖြစ်သဖြင့် ပညာရေးစနစ်ကောင်းမွန်ရန်အတွက် ရှေးကဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာရယူပြီး ယနေ့လုပ်နိုင်သည်များကို

စတင်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ မလုပ်ဆောင်ပါက မိမိတို့အနေဖြင့် တာဝန်မကျေပွန်သူ၊ အရည်အချင်းမရှိသူများ ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စေတနာထား၍ လက်တွေ့ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သင်ကြားရေးအပိုင်းလိုအပ်ချက်များကို စိစစ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လိုအပ်ချက်များ ကူညီထောက်ပံ့ပေးရေးကိစ္စများကိုလည်း လက်တွေ့ကျကျဆောင်ရွက်ပေးပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့်ပညာကို အမှန်တကယ်မြှင့်တင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရေးကဏ္ဍတွင် လက်တွေ့ဆောင်ရွက်နေသည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ အကြံဉာဏ်နှင့် အကူအညီများရရှိရေး၊ မြန်မာပြည်သူများအတွက် ထိရောက်ပြီး လက်တွေ့ကျသည့် အထောက်အပံ့နှင့် အကူအညီများ ဖြစ်ပေါ်လာစေရေး၊ မြန်မာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေများရရှိရေး၊ နည်းပညာအကူအညီပေးရေး၊ လယ်ယာထွက်ကုန်များအတွက် ထိုက်သင့်သောဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး၊ ဂျပန်နိုင်ငံမှ အကူအညီအထောက်အပံ့ပေးနေသော(ODA)အစီအစဉ်များရရှိရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံစီးပွားရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးမောင်ဦး၊ ကော်မတီအတွင်းရေးမှူး ဦးကြည်သာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ခရီးသွားပြည်သူများကြိုတင်သိရှိနိုင်ရန်အတွက် နိုဝင်ဘာ ၁၀ ရက်မှစ၍ ရထားအချိန်စာရင်း ပြင်ဆင်ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၅

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် အမှတ်(၉)အဆန်/(၁၄၁) အဆန်ကွင်းဆက်ရထားနှင့် အမှတ်(၁၄၂)အစုန်/(၁၀)အစုန်ကွင်းဆက်ရထားတို့သည် ရန်ကုန်-ပျဉ်းမနား-ရွှေညောင်နှင့် ရွှေညောင်-ပျဉ်းမနား-ရန်ကုန်ခရီးစဉ်ပြေးဆွဲနေရာမှ နိုဝင်ဘာ ၁၀ ရက်မှစ၍ ရန်ကုန်-သာစည်-ရွှေညောင်ခရီးစဉ်နှင့် ရွှေညောင်-သာစည်-ရန်ကုန်ခရီးစဉ်သို့ တစ်ဖက်ပါခရီးစဉ်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများ ကြိုတင်သိရှိနိုင်စေရန် အကြောင်းကြားအပ်ပါသည်-

ရထားအမှတ်	ခရီးစဉ်	ထွက်ချိန်	ရောက်ချိန်
အမှတ်(၉)အဆန်	ရန်ကုန်-သာစည်	၁၁း၀၀	၀၃း၃၀
အမှတ်(၁၀)အစုန်	သာစည်-ရန်ကုန်	၂၂း၀၀	၁၄း၄၀
အမှတ်(၁၄၁)အဆန်	သာစည်-ရွှေညောင်	၀၇း၀၀	၁၇း၀၀
အမှတ်(၁၄၂)အစုန်	ရွှေညောင်-သာစည်	၀၈း၀၀	၁၉း၀၀
အမှတ်(၁၄၃)အဆန်	သာစည်-ရွှေညောင်-ရပ်စောက်	၀၅း၀၀	၁၈း၃၀
အမှတ်(၁၄၄)အစုန်	ရပ်စောက်-ရွှေညောင်-သာစည်	၀၆း၀၀	၂၀း၄၅

၂။ အမှတ်(၁၄၇)အဆန် ပျဉ်းမနား-လွိုင်ကော်ခရီးစဉ်နှင့် အမှတ်(၁၄၈)အစုန် လွိုင်ကော်-ပျဉ်းမနားခရီးစဉ်တို့အား ယခင်အချိန်အတိုင်း ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့မီးရထား)

မြင့်သောင်းဌေး
အဆင့်မြင့်အအေးခန်းဧည့်ရိပ်သာ

ချောက်-ရေနံချောင်းလမ်း၊ အထက(၂)အနောက်ဘက်၊
စံပြရပ်ကွက်၊ကျောက်ပန်းတောင်းမြို့၊

ဖုန်း-၀၉-၄၀၃၇၁၄၅၅၉၊ ၀၉-၃၃၀၂၇၉၈၀၊ ၀၆၁-၅၁၀၃၃
အစိုးရရုံး စီမံခန့်ခွဲမှုရေးရာကိစ္စရပ်များ၊ ကုမ္ပဏီရုံး စီးပွားရေးလုပ်ငန်းရပ်များ၊ အပန်းဖြေဘုရားဖူးနှင့် အခြားလူမှုစီးပွားရေး ဆောင်ရွက်လုပ်ကိုင်သူ လူကြီးမင်းများ စိတ်တိုင်းကျ မော်တော်ယာဉ်ကားပါ နားနေဆောင်ရွက်နိုင်ရန်အတွက် အထက်ပါဧည့်ရိပ်သာမှ ဝန်ဆောင်မှုအပြည့်အဝဖြင့် နွေးထွေးလိုက်လှဲပျူငှာစွာ ကြိုဆိုလျက်ရှိပါသည်။

မြင့်သောင်းဌေး ကုမ္ပဏီလီမိတက်
ကျောက်ပန်းတောင်းမြို့



ဓာတ်အားလုံလောက်အောင် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဝိုင်းဝန်းကူညီပေး

ဝေယံ

မြန်မာနိုင်ငံ၏ လက်ရှိပြည်သူလူထု ဓာတ်အားရရှိမှုရာခိုင်နှုန်း (Electrification Ratio)တွင် ၃၀ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် Electrification Ratio သည် ၅၀ ရာခိုင်နှုန်းထိရောက်ရှိလာရန်နှင့် တိုးတက်လာမည့် စက်မှုဇုန်များ၊ စက်ရုံများအား လုံလောက်စွာဓာတ်အားပေးနိုင်ရန် ဓာတ်အားထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်ပါသည်။ နှစ်စဉ် ဓာတ်အားတိုးတက်သုံးစွဲမှုသည် ပျမ်းမျှ ၁၅ ရာခိုင်နှုန်းခန့်ရှိခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်လာမှု၊ ကျေးလက်ဒေသများအား တိုးချဲ့ဓာတ်အားပေးနိုင်မှုများအပေါ် မူတည်၍ နှစ်စဉ်ဓာတ်အားတိုးတက်သုံးစွဲမှုသည် ၂၀ ရာခိုင်နှုန်းခန့်အထိ ရှိလာမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ရည်မှန်းချက် ပြည့်မီအောင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုအပိုင်းကို ရေတိုစီမံကိန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အထူးသဖြင့် နွေရာသီဓာတ်အားပြတ်တောက်မှုမရှိရန် စီမံချက်ချ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် နွေရာသီကာလတွင် ဓာတ်အားမလုံလောက်သဖြင့် ဖယောင်းတိုင်ထွန်း၍ ဆန္ဒထုတ်ဖော်မှုများရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ် နွေရာသီ မေ၊ ဇွန်လများတွင်လည်း ဓာတ်အားလိုအပ်ချက် ၃၇၂ မဂ္ဂါဝပ်ရှိရာမှ စက်မှုဇုန်များကို ဓာတ်အားဖြတ်တောက်ထားခဲ့ရပါသည်။ ပြည်သူများအား ဓာတ်အားအပြည့်အဝပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ငွေ့သုံးစက်ရုံများပိတ်ပြီး ပိုထွက်လာသော ဓာတ်ငွေ့ကုဗပေသန်း ၃၀ ဖြင့် ရန်ကုန်မြို့ အလုံစက်ရုံရှိတိုယိုထိုင်း Gas Turbine ဖြင့် ဓာတ်အားမဂ္ဂါဝပ် ၄၀၊ ရန်ကုန်မြို့ လှော်ကားစက်ရုံရှိ Myanmar Central Power (MCP)မှ Gas Generator ၂၆ လုံးဖြင့် ဓာတ်အား ၂၅ မဂ္ဂါဝပ်၊ ရွှေတောင်မြို့ဓာတ်အားပေးစက်ရုံရှိ Gas Turbine ဖြင့် ဓာတ်အား ၁၀ မဂ္ဂါဝပ် စုစုပေါင်း ၇၅ မဂ္ဂါဝပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရပါသည်။

၂၀၁၄ ခုနှစ်တွင် ဓာတ်အားပိုမိုဖြည့်ဆည်းပေးရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများ IPP (Indepence Power Production)ဆောင်ရွက်ခွင့်ပြုထားသော လှော်ကား၊ ရွာမ၊ သာကေတရှိGas Engine များဖြင့် မဂ္ဂါဝပ် ၅၀ စီ၊ အလုံတွင် တိုယိုထိုင်း Gas Turbine ဖြင့် မဂ္ဂါဝပ် ၁၂၀ နှင့် ရွာမတွင် ထိုင်းနိုင်ငံမှလှူဒါန်းသော Gas Turbine ဖြင့် မဂ္ဂါဝပ် ၂၄၀ စုစုပေါင်း မဂ္ဂါဝပ် ၅၁၀ ကို တိုးမြှင့်ထုတ်လုပ်ရန်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါထပ်မံထုတ်လုပ်မည့် ဓာတ်အားအပါအဝင် ၂၀၁၄ ခုနှစ် နွေရာသီတွင် မဂ္ဂါဝပ်၂၃၇၀ ထုတ်လုပ်နိုင်သော်လည်း ဓာတ်အားလိုအပ်ချက်ပြည့်မီရန် ၁၅၈ မဂ္ဂါဝပ် ထပ်မံလိုအပ်နေဦးမည်ဖြစ်ပြီး ၉၈ ဒသမ ၅၂ ရာခိုင်နှုန်း ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ ဓာတ်အားလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျောက်ဆည်ဒေသတွင်လည်း Gas Engine ဖြင့် မဂ္ဂါဝပ် ၁၅၀၊ ကျောက်ဖြူတွင် Gas Turbine ၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသည်။ ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းရာတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပါက ငါးနှစ်ကျော်ခန့်၊ ကျောက်မီးသွေးစက်ရုံဖြစ်ပါက သုံးနှစ်ကျော်ခန့်ကြာမှ ဓာတ်အားထုတ်လုပ်နိုင်မည်။ အမြန်ဆုံးဓာတ်အားထုတ်လုပ်နိုင်မှုသည် Gas Turbine များဖြင့် ထုတ်လုပ်ခြင်းဖြစ်ပါသည်။ Gas Turbine ဖြင့် ဓာတ်အားထုတ်လုပ်မှု ဆောင်ရွက်ရာတွင်လည်း World Bank, Asia Development Bank, JICA စသည့်အဖွဲ့အစည်းများ၏ချေးငွေများဖြင့် ဆောင်ရွက်ပါက အဆိုပါအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များဆောင်ရွက်ရန်အချိန် နှစ်နှစ်ခန့်၊ ချေးငွေရရှိပြီးနောက် တင်ဒါခေါ်ခြင်းများအတွက် သုံးနှစ် စုစုပေါင်း ငါးနှစ်ခန့်ကြာမှ ဓာတ်အားထွက်ရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၀၁၄ နွေရာသီအချိန်မီ ဓာတ်အားရရှိရေးအတွက် အချိန်တိုအတွင်း ပြည်သူများ ဓာတ်အားရရှိနိုင်သည့် ပုဂ္ဂလိက IPP စနစ် ဆောင်ရွက်ခြင်းဖြင့်သာ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ယခု ဓာတ်အားခနှုန်းထား ပြင်ဆင်ကောက်ခံရန်အတွက် အသေးစိတ်တွက်ချက်မှုများအရ အိမ်သုံးအခြေခံအသုံးပြုသော မီးသုံးသူများနှင့် စက်မှုလုပ်ငန်းအခြေခံသုံးစွဲသူများ သက်သာမှုရှိအောင် စာရင်းဇယားအသေးစိတ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

အများပြည်သူ အထွေထွေအိမ်သုံးမီတာ တစ်လအတွက်သုံးစွဲမှု

စဉ်	အကြောင်းအရာ	ရန်ကုန်တိုင်းဒေသကြီး		မန္တလေးတိုင်းဒေသကြီး		အခြားတိုင်းဒေသကြီး/ ပြည်နယ်		တစ်ပြည်လုံး	
		မီးသုံးသူ	%	မီးသုံးသူ	%	မီးသုံးသူ	%	မီးသုံးသူ	%
၁	၁ ယူနစ်မှ ၁၀၀ ထိ သုံးစွဲသည့်ဦးရေ	၄၄၀၆၃၃	၄၆	၂၂၉၇၉၀	၆၀	၈၇၀၈၇၉	၆၈	၁၅၄၁၃၀၂	၅၉
၂	၁၀၁ ယူနစ်မှ ၂၀၀ ထိ သုံးစွဲသည့်ဦးရေ	၂၆၀၉၅၀	၂၇	၁၃၄၅၉၂	၃၅	၂၈၈၅၁၃	၂၃	၆၈၄၀၅၅	၂၆
၃	၂၀၁ ယူနစ်မှ ၅၀၀ ထိ သုံးစွဲသည့်ဦးရေ	၁၉၈၁၀၂	၂၁	၁၁၀၃၃	၃	၉၀၃၃၄	၇	၂၉၉၄၆၉	၁၁
၄	၅၀၁ ယူနစ်နှင့်အထက် သုံးစွဲသည့်ဦးရေ	၅၇၇၅၀	၆	၁၀၂၀၀	၂	၂၄၃၂၆	၂	၉၂၂၇၆	၄
စုစုပေါင်း		၉၅၇၄၃၅	၁၀၀	၃၈၅၆၁၅	၁၀၀	၁၂၇၄၀၅၂	၁၀၀	၂၆၁၇၁၀၂	၁၀၀

အများပြည်သူ(စီးပွားရေးသုံး/စက်မှုသုံး)တစ်လအတွက်သုံးစွဲမှု

စဉ်	အကြောင်းအရာ	ရန်ကုန်တိုင်းဒေသကြီး		မန္တလေးတိုင်းဒေသကြီး		အခြားတိုင်းဒေသကြီး/ ပြည်နယ်		တစ်ပြည်လုံး	
		မီးသုံးသူ	%	မီးသုံးသူ	%	မီးသုံးသူ	%	မီးသုံးသူ	%
၁	၁ ယူနစ်မှ ၅၀၀၀ ယူနစ်အထိ သုံးစွဲသည့်ဦးရေ	၁၈၈၆၇	၈၃	၇၅၈၄	၆၇	၁၉၄၀၈	၉၁	၄၅၈၅၉	၈၃
၂	၅၀၀၁ နှင့်ယူနစ်အထက် သုံးစွဲသည့်ဦးရေ	၃၈၄၀	၁၇	၃၇၉၄	၃၃	၁၉၇၇	၉	၉၆၁၁	၁၇
စုစုပေါင်း		၂၂၇၀၇	၁၀၀	၁၁၃၇၈	၁၀၀	၂၁၃၈၅	၁၀၀	၅၅၄၇၀	၁၀၀

အထက်ပါဇယားကိုကြည့်ပါက အိမ်သုံးမီတာ ၃၅ ကျပ်နှုန်းဖြင့် ၁၀၀ ယူနစ်အတွင်း သုံးစွဲမှုအရေအတွက်တွင် ရန်ကုန်တိုင်းဒေသကြီး ၄၆ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၆၀ ရာခိုင်နှုန်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ် များတွင် ၆၈ ရာခိုင်နှုန်းရှိသဖြင့် တစ်ပြည်လုံး ၁၀၀ ယူနစ်အတွင်း သုံးစွဲမှု ပျမ်းမျှ ၅၉ ရာခိုင်နှုန်းရှိပြီး အခြေခံမီးသုံးစွဲသူများအတွက် မူလပေးဆောင်ရသည်ထက်ပို၍ ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုမရှိကြောင်း တွေ့ရှိနိုင်ပါသည်။ ယူနစ် ၁၀၀ ထက် ကျော်လွန်ပါကလည်း ကျော်လွန်သော ယူနစ်အတွက် ၅၀ ကျပ်နှုန်းဖြင့်သာ ပေးရသည့်အတွက် မူလနှုန်းထား ၃၅ ကျပ်ထက် ၁၅ ကျပ်သာ တိုးမြှင့်ခြင်းဖြစ်ပြီး နှစ်ဆတိုးမြှင့်ကောက်ခံခြင်းမရှိကြောင်း တွေ့ရှိနိုင်ပါသည်။

စက်မှုသုံးတွင်လည်း ၅၀၀၀ ယူနစ်အထိ သုံးစွဲမှုတွင် ရန်ကုန်တိုင်းဒေသကြီး ၈၃ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၆၇ ရာခိုင်နှုန်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် ၉၁ ရာခိုင်နှုန်းရှိသဖြင့် တစ်ပြည်လုံး ၅၀၀၀ ယူနစ်အတွင်း သုံးစွဲမှုပျမ်းမျှ ၈၃ ရာခိုင်နှုန်းရှိပြီး ယခင် ၇၅ ကျပ်မှ ၁၀၀ ကျပ် ကောက်ခံသည့်အတွက် နှစ်ဆတိုးမြှင့်ကောက်ခံခြင်းမရှိပါ။ ၅၀၀၀ ယူနစ် ကျော်လွန်သုံးစွဲသူ ရာခိုင်နှုန်းသည် ၁၇ ရာခိုင်နှုန်းသာရှိပြီး အဆိုပါ စက်မှုလုပ်ငန်းသုံးစွဲသူများသည်လည်း ၅၀၀၀ ယူနစ်အထိကို ၁၀၀ ကျပ်ဖြင့်သာ ပေးသွင်းရပြီး ၅၀၀၀ ယူနစ်ထက် ကျော်လွန်သော ယူနစ်များအတွက်သာ ၁၅၀ ကျပ်နှုန်းကောက်ခံခြင်းဖြစ်သည့်အတွက် သုံးစွဲယူနစ်အားလုံးသည် ၁၅၀ ကျပ်နှုန်းပေးဆောင်ရခြင်းမရှိကြောင်း တွေ့ရှိနိုင်ပါသည်။ သံရည်ကျို၊ သံနန်းဆွဲ၊ စက္ကူစက်၊ ရေခဲစက်၊ ပလတ်စတစ်စက် စသည့် အမြတ်အစွန်းရသည့် လုပ်ငန်းများသာ ၅၀၀၀ ယူနစ်ထက် ကျော်လွန်၍ သုံးစွဲကြခြင်းဖြစ်ပါသည်။ အခြေခံနှင့် အလယ်အလတ် စက်မှုလုပ်ငန်းအများစုအတွက် သက်သာမှုရှိစေသည့်အပြင် စက်မှုလုပ်ငန်းရှင်ကြီးများအတွက်လည်း ၅၀၀၀ ယူနစ်အထိ သက်သာမှုပေးထားသော ပြင်ဆင်ကောက်ခံသည့် မီတာနှုန်းထားဖြစ်ပါသည်။

စက်မှုလုပ်ငန်းများအတွက် တစ်လလျှင် ၅၀၀၀ ယူနစ် သုံးစွဲခြင်းသည် တစ်ရက်အတွက် ၁၆၆ ယူနစ်အထိ သုံးစွဲနိုင်ပါသည်။ ၁၆၆ ယူနစ်သုံးစွဲခြင်းမှာ မော်တာ မြင်းကောင်ရေ ၂၂ ကောင် (၂ ကောင်အားမော်တာ ၁၁ လုံး) ကို အချိန် ၁၀ နာရီ ဆက်တိုက် လည်ပတ်အသုံးပြုနိုင်ပါသည်။ အသေးစား၊ အလတ်စား လုပ်ငန်းများဖြစ်သည့် ပဲသန့်စင်စက်၊ အမှုန့်ကြိတ်စက်၊ ပဲခွဲစက် စသည့်လုပ်ငန်းငယ်များသည် အထက်ဖော်ပြပါအတိုင်း မော်တာမြင်းကောင်ရေ ၂၂ ကောင်ကို တစ်ရက်အချိန် ၁၀ နာရီဆက်တိုက်သုံးစွဲ၍ တစ်လလုံးနားရက်မရှိ သုံးစွဲမှသာ ယူနစ် ၅၀၀၀ ရှိမည်ဖြစ်ပါသည်။ အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် တစ်လဓာတ်အားသုံးစွဲမှု ယူနစ် ၅၀၀၀ အတွင်းရှိသော်လည်း ဓာတ်အားခနှုန်းထား အကြောင်းပြချက်ဖြင့် ကုန်ဈေးနှုန်းတိုးမြှင့်ရေးဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

ဓာတ်အားခပြင်ဆင်ကောက်ခံမှုနှင့်ပတ်သက်၍ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်နေ့ထုတ်သတင်းစာများတွင် ဓာတ်အားခနှုန်းထားသစ်ကောက်ခံမှုကို ရှင်းလင်းစွာဖော်ပြပြီးဖြစ်ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များကလည်း ရန်ကုန်၊မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပဲခူး၊ မကွေး၊ ပြည်၊ ပုသိမ်မြို့များတွင် ဌာနဆိုင်ရာများ၊ စက်မှုဇုန်လုပ်ငန်းဆောင်ရွက်သူများ၊ စက်မှုလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ မီဒီယာများကို ရှင်းလင်းပြောကြားခြင်း၊ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရှင်းလင်းမှုသတင်းများကို သတင်းစာ၊ ဂျာနယ်၊ Sky Net၊ MRTV တို့တွင် ဖော်ပြမှုများ တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် အချို့မီဒီယာများအနေဖြင့် ဓာတ်အားခကို နှစ်ဆအထိတိုးမြှင့်ကောက်ခံနေကြောင်း ရေးသားဖော်ပြထားခြင်းသည် အများပြည်သူအထင်လွဲမှားမှုရှိအောင် တိုက်တွန်းလှုံ့ဆော်မှုသဘောသက်ရောက်နေသည်ကို သတိပြုသင့်ပါသည်။ အများပြည်သူမှအစိုးရဝန်ကြီးဌာနများအပေါ် အမြင်လွဲမှားစေမည့် ရေးသားမှုများရှောင်ကြဉ်ရန်လိုအပ်ပါကြောင်းသတိပြုသင့်ပါသည်။

နိုင်ငံတကာတွင်လည်း သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် ထုတ်လုပ်ကုန်ကျစရိတ်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားပြောင်းလဲသတ်မှတ်လေ့ရှိပါသည်။ ရေအားလျှပ်စစ်စက်ရုံများ တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေနှင့်တစ်ယူနစ် ထုတ်လုပ်ကုန်ကျစရိတ်များလျော့နည်းလာသည့်အခါတွင် ဓာတ်အားခနှုန်းထားကို လျှော့ချဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါသည်။ ယခုပြောင်းလဲကောက်ခံမည့် ဓာတ်အားခနှုန်းထားသည် အမြတ်ရရှိရန် မဆိုထားနှင့်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ကိုပင် ကာမိခြင်းမရှိပါ။ ဓာတ်အားသုံးစွဲသူများအနေနှင့် ဓာတ်အားကို လိုအပ်သလောက်ချွေတာသုံးစွဲခြင်းဖြင့် အသုံးစရိတ်စိစစ်ချွေတာနိုင်မည့်အပြင် ဓာတ်အားကို မဖြုန်း၊ လိုရာသုံးခြင်းကြောင့် အခြားလိုအပ်သူများကိုလည်း မျှဝေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်တွင်ဓာတ်အားလုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက်ကိုလည်း တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီရာရောက်ပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

ဆီးဂိမ်းဂုဏ်ပြုသီချင်းစီဒီချပ်များ အနုပညာရှင်များကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချ

စစ်ကိုင်း နိုဝင်ဘာ ၅

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပွဲတော်အကြိုလှုံ့ဆော်မှုအစီအစဉ်တစ်ရပ်အနေဖြင့် "အရွှေ့တောင်အာရှသူရဲကောင်းများ" ဆီးဂိမ်းပွဲတော်ဂုဏ်ပြုတေးသီချင်းစီးရီးအယ်လ်ဘမ်စီဒီချပ်များအား ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်အနုပညာရှင်များက လက်မှတ်ရေးထိုးရောင်းချပေးပွဲကို နိုဝင်ဘာ ၄ ရက်က စစ်ကိုင်းမြို့ ဈေးလမ်းရှိ တယ်လီဖုန်းအရောင်းဆိုင်၌ကျင်းပရာ စစ်ကိုင်းမြို့သူမြို့သားများက တစ်ခဲနက်တိုးဝှေ့ဝယ်ယူအားပေးကြကြောင်း သိရသည်။

တေးသီချင်းစီဒီချပ်ဝယ်ယူအားပေးကြသည့် အနုပညာချစ်သူပရိသတ်များအား ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်ဖြိုးငွေစိုး၊ စည်သူမောင်၊ ဇာနည်၊ ခင်ရူပ၊ ခရစ္စတီးနား၊ စိုးပြည့်ပြည့်စံ စသည့်အနုပညာရှင်များက ခင်မင်ရင်းနှီးစွာ လက်မှတ်ရေးထိုးရောင်းချပေးကြရာ တိုးဝှေ့ဝယ်ယူအားပေးကြသည်။ တေးသီချင်းစီဒီခွေတစ်ချပ်အား ငွေကျပ် ၂၀၀၀ နှုန်းဖြင့်ရောင်းချပေးကြောင်း၊ အားပေးကြသည့်ပရိသတ်များအား ကံစမ်းမဲလက်မှတ်များ ရောင်းချပေးခြင်း၊ အချိုရည်များအခမဲ့တိုက်ကျွေး ဧည့်ခံခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က နိုဝင်ဘာ ၁ ရက်က ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ရန်ကုန်ကနေ စတင်ထွက်လာခဲ့ကြတာပါ၊ လှည်းကူး၊ တောင်ငူ၊ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့တွေကို ဝင်ခဲ့ပါတယ်၊ နေပြည်တော်မှာ တစ်ညအိပ်ပြီး မန္တလေးမှာ နှစ်ညအိပ်ပါတယ်၊ ဒီနေ့ စစ်ကိုင်းကိုဝင်ပြီး မုံရွာကို ခရီးဆက်ကြမှာပါ"ဟု အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။ **(နန္ဒာမင်းလွင်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက်(၁၀) နာရီတွင် ကျင်းပရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦး၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက တိုင်းရင်းသားရေးရာကိစ္စနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များတွင် အသုံးပြုရန် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ်သန်းတစ်သောင်းနှင့်ပတ်သက်၍ ဘဏ္ဍာငွေ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်စွာ အမှန်တကယ်အသုံးပြုသွားရေးအကြံပြုထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်နေသောအဖွဲ့အား လောလောဆယ်ကျပ်သိန်းတစ်ထောင် ကြိုတင်ထုတ်ပေးထားပြီး ငြိမ်းချမ်းရေးကိစ္စရပ်များအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ စုစည်းဆွေးနွေးလျက်ရှိပါကြောင်း၊ အပစ်အခတ်ရပ်စဲနိုင်ရေးလက်မှတ်ရေးထိုးပြီးချိန်တွင် ကျန်ငွေများကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ငွေပိုမိုလိုအပ်လာမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းနေရပ်ပြောင်းရွှေ့နေထိုင်ကြသူ တိုင်းရင်းသားပြည်သူများအား ပြန်လည်နေရာချထားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်များ နေရာချထားရေး၊ စာဝတ်နေရေးကိစ္စရပ်များတွင် ကျန်ငွေများဖြင့် သုံးစွဲသွားမည်ဖြစ်ပါကြောင်းနှင့် လောက်ငမှု မရှိနိုင်သည့်အတွက် လိုအပ်သည့်ငွေကြေးများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ကျောက်ဆည်ဒေသတွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ၌ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ရရှိလာမည့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း(၂၀)ကို အသုံးပြု၍ Gas Engine များ လည်ပတ်မောင်းနှင်နိုင်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၁၀၀)ခန့် ထုတ်လုပ်နိုင်ရန်နှင့် ထွက်လာမည့် လျှပ်စစ်ဓာတ်အားကို အနီးဆုံးပင်မဓာတ်အားခွဲရုံဖြစ်သည့် ဘဲလင်း ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ပို့လွှတ်နိုင်ရန် (၃၃)ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် နွေရာသီကာလအမီ တည်ဆောက်သွားရန် အရေးတကြီးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြခဲ့စဉ်က ပါရှိခဲ့ခြင်းမရှိသော်လည်း သဘာဝဓာတ်ငွေ့ ခွဲဝေရရှိမှုအရ အရေးပေါ်စီစဉ်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယင်းစီမံကိန်းအတွက် ဖြည့်စွက်ရန်ပုံငွေ (၄ ဒသမ ၁၇၅) ဘီလီယံကျပ် တောင်းခံရခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၁၄ ခုနှစ် နွေရာသီကာလ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရာမသဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံဝင်းအတွင်း (၂၄၀)မဂ္ဂါဝပ် တိုးချဲ့စီမံကိန်းသည်လည်း အဓိကကျသည့် စီမံကိန်းဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းသည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက မြန်မာနိုင်ငံသို့ ချစ်ကြည်ရင်းနှီးမှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့သော (၂၀)မဂ္ဂါဝပ် Mitsubishi M 710 D Gas Turbine (၂)လုံးကို တပ်ဆင်တည်ဆောက်နေသည့် စီမံကိန်းဖြစ်ပါကြောင်း၊ လိုအပ်သည့်ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ်(၃ ဒသမ ၉၄) ဘီလီယံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တည်ဆောက်စဉ်က ကျေးရွာများရွှေ့ပြောင်းပေးခဲ့ရပါကြောင်း၊ အဆိုပါ ပြောင်းရွှေ့ပြီး ကျေးရွာများအနက် (၂၂)ရွာသည် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီးဖြစ်သည့်အတွက် ဓာတ်အား မရသေးသည့် ကျေးရွာပေါင်း(၃၈)ရွာ ကျန်ရှိပါကြောင်း၊ အဆိုပါ မီးမလင်းသေးသည့် ကျေးရွာများအား နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားပေးနိုင်ရန် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရခြင်းဖြစ်ပါကြောင်း။

ထို့အတူ ကချင်ပြည်နယ် အင်းတော်ကြီးဒေသ ကျေးရွာ(၁၅)ရွာ၊ ကယားပြည်နယ်အတွင်း ကျေးရွာ(၁၂၈)ရွာအနက် ပထမအဆင့် ကျေးရွာ(၄၇)ရွာ၊ ကရင်ပြည်နယ် ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ပွင့်ဖြူမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ မုန်းမြို့နယ်ခွဲ၊ ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မြို့သစ်နှင့် ဒေါ့ဖုန်းယန်မြို့နယ်အတွင်း ကျေးရွာ(၁၅)ရွာ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ်၊

သမ္မတရုံးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

နမ့်စလပ်ပတ်ဝန်းကျင်ကျေးရွာများသို့လည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် (၃၃)ကေဗွီဓာတ်အားလိုင်းနှင့် (၁၁) ကေဗွီဓာတ်အားလိုင်းများကို တည်ဆောက်ရန် ဖြည့်စွက်ရန်ပုံငွေ ခွင့်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း။

အဆိုပါကျေးရွာများအတွက် ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ချက်များသည် ပြည်သူ့ကိုယ်စားလှယ်များ၏ လိုလားချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ခရီးစဉ်အတွင်း ဒေသခံများ၏ တောင်းဆိုချက်များအရ ဆောလျင်စွာဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် လိုအပ်သော ဖြည့်စွက်ရန်ပုံငွေများအား ခွင့်ပြုပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ ဆွေးနွေးချက်ပါ Towed Hydrant Dispenser 4units ဝယ်ယူရန် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်ကိစ္စနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ယခုအခါ နိုင်ငံတော်တွင် လေကြောင်းပို့ဆောင်ရေးစနစ်တိုးတက်ကျယ်ပြန့်လာသည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်အင်္ဂါရပ်များ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အသစ်တပ်ဆင်ထားသည့် (၁၆)လက်မ Hydrant Pipe များနှင့် တွဲဖက်အသုံးပြုမည့်လေယာဉ်ဆီဖြည့်သည့် Towed Hydrant Dispenser များသည် လေယာဉ်များ များပြားလာသည်နှင့်အမျှ မရှိမဖြစ် အထူးလိုအပ်လျက်ရှိသောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်တွင် ဖြည့်စွက်အသုံးပြုငွေအဖြစ် တင်ပြတောင်းခံရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် လိုငွေကျပ် (၂၂ ဒသမ ၅၄၆)ဘီလီယံ ထပ်မံပိုမိုလာခြင်းသည် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ထပ်မံလိုအပ်ငွေနှင့် ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် ငွေလုံးငွေရင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ရငွေတိုးတက်ရရှိမှုထက်ပို၍ တောင်းခံရခြင်းကြောင့် ဖြစ်ပါကြောင်း။

နိုင်ငံတော်ဘတ်ဂျက်အရ လမ်းတံတားကဏ္ဍကို မျှတအောင် ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့ရသော လမ်းတံတားလုပ်ငန်းများ၏ရန်ပုံငွေ လိုအပ်ချက်နှင့် ပြီးစီးမှုသည် ကွာဟနေပါကြောင်း၊ ယင်းကွာဟမှုကို နည်းလမ်း(၃)သွယ်ဖြင့် ဖြေရှင်းရန် ရည်မှန်းထားပြီး အဆိုပါနည်းလမ်းများမှာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားအကူအညီများ၊ ချေးငွေများရယူ၍ ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း၊ ယခုအခါတွင် မိမိတို့နိုင်ငံအနေဖြင့် လမ်းနှင့် တံတားလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား တွန်းအားပေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။

ဆွဲဆောင်နေခြင်း၊ နိုင်ငံခြားချေးငွေနှင့် အကူအညီများ ရရှိရန် ညှိနှိုင်းနေခြင်းတို့ကြောင့် နိုင်ငံတော်ဘတ်ဂျက်ကိုသာ အဓိကသုံးစွဲနေရခြင်းဖြစ်သည့်အတွက် လိုအပ်ချက်နှင့် ပြီးစီးမှုကွာဟနေခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လိုအပ်သည့် ချောင်းမကြီးဆည်ရေကူဖြည့်တင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် (၆၀၈ ဒသမ ၇၄)သန်း၊ ရွှေ့ပြောင်းကျေးရွာများ နေရာချထားပေးသောရွှေကြာပင်ရပ်ကွက် ရေပေးရေးလုပ်ငန်းအတွက် ငွေကျပ် (၈၉၁ ဒသမ ၂၆)သန်း စုစုပေါင်းငွေကျပ်သန်း (၁၅၀၀) တင်ပြခဲ့ပါကြောင်း၊ နေပြည်တော်ရှိ လွှတ်တော်၊ အစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာရပ်ကွက်များ၊ မြို့ကွက်သစ်များ၊ လူနေရပ်ကွက်များနှင့် ဟိုတယ်ဇုန်များသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ချောင်းမကြီးရေလှောင်တမံတွင် ရေဝင်ရောက်မှုမှာ မိုးရာသီကုန်ဆုံးချိန်တွင် ကန်ရေပြည့်အမှတ် (၄၈၁)ပေအောက် (၁၂)ပေလျော့နည်းကာ (၄၆၉)ပေအထိသာ ဝင်ရောက်ခဲ့ပါကြောင်း၊ ချောင်းမကြီးရေလှောင်တမံအတွင်း ရေဝင်နည်းမှုကြောင့် သောက်သုံးရေများ လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် ငလိုက်ချောင်းမှရေကို (၁၆)လက်မ ပိုက်လိုင်း(၄)လိုင်းဖြင့် ရေကူဖြည့်တင်းရန် တည်ဆောက်ထားသော်လည်း နေ့စဉ်ရေလိုအပ်ချက် ဂါလန်(၁၃)သန်းအတွက် ပြည့်မီခြင်းမရှိဘဲ ဂါလန်(၉)သန်းသာ နေ့စဉ်ရေကူတင်သွင်းနိုင်ပါကြောင်း၊ သို့ပါ၍ တိုးတက်များပြားလာသော သောက်သုံးရေသုံးစွဲမှုအား အလျဉ်မီအောင် ပေးဝေနိုင်ရေး (၂၄)လက်မ ရေတင်ပိုက်လိုင်း(၁)လိုင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ပွင့်လင်းရာသီအတွင်း မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ဖြည့်စွက်ရန်ပုံငွေ တောင်းခံခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ရွှေကြာပင်ရပ်ကွက် နေသူများအနေဖြင့် သောက်သုံးရေအတွက် ကိုယ်ပိုင်အဝီစိတွင်းများ၊ လက်တူးတွင်းများတူးဖော်၍ သုံးစွဲနေရပြီး ထိုအဝီစိရေများတွင် သံဓာတ်များလွန်ကဲနေခြင်းကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ရန် လိုအပ်ရန်ပုံငွေ တင်ပြခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း အကြံပြုဆွေးနွေးသည့် ဘတ်ဂျက်စာရင်းပြုစုရာတွင် ပိုမိုရှင်းလင်းလွယ်ကူရန် လုပ်ငန်းသုံးရင်းနှီးငွေစာရင်းနှင့် ပိုမိုရရှိသည့် ပြည်ပအကူအညီရငွေ၊ ချေးငွေတို့ဖြင့် ဆက်နွှယ်သည့် အသုံးစရိတ်များဖော်ပြသည့်ပုံစံတို့ကို လာမည့်နှစ်များတွင် အကြံပြုသည့်အတိုင်း ပိုမိုရှင်းလင်းလွယ်ကူစေရန် ရေးဆွဲတင်ပြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်လုပ်ငန်း၊ စီမံကိန်းများအား ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံချက်ပေးရပြီး သက်ဆိုင်ရာချေးငွေသုံးစွဲသည့် ဌာနအဖွဲ့အစည်းများက တာဝန်ယူအကောင်အထည်ဖော်ကြီးကြပ်ဆောင်ရွက်ရပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက Exim Bank of China ထံမှ မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ချေးငွေအမေရိကန်ဒေါ်လာ သန်း(၁၀၀) ရယူခြင်းကိစ္စတွင်လည်း ငွေလဲလှယ်နှုန်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို သမဝါယမဝန်ကြီးဌာနက တာဝန်ယူဖြေရှင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် ပြင်ဆင်ချက်အဆိုပါရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခဲ့သည်။

ဥပဒေကြမ်း၏ ဇယား(၂)၊ အမှတ်စဉ်(၁)ပါ **ပြည်ထဲရေးဝန်ကြီးဌာန**၏ နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း (၁၇၈၉၀ ဒသမ ၈၅၃)အနက်မှ ကျပ်သန်း (၄၂၅ ဒသမ ၁၀၀)ကို လျှော့၍ ခွင့်ပြုရန်အဆိုနှင့် ပတ်သက်၍ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အကျဉ်းထောင်များ တိုးချဲ့ဆောက်လုပ်ခြင်းဖြင့် အကျဉ်းသားများ၏အခွင့်အရေးကို ဖော်ဆောင်ပေးရာရောက်သည့်အတွက် အဆိုပြန်လည်ရုပ်သိမ်းခဲ့သဖြင့် နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း(၁၇၈၉၀ ဒသမ ၈၅၃)ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်း၏ ဇယား(၂)၊ အမှတ်စဉ်(၁၈)ပါ **အားကစားဝန်ကြီးဌာန**၏ နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း(၂၄၃၃၇ ဒသမ ၄၀၂) အနက်မှ ကျပ်သန်း(၁၉၅၃၆ ဒသမ ၂၉၀)ကို လျှော့၍ခွင့်ပြုရန်အဆိုနှင့်ပတ်သက်၍ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆီးဂိမ်းအားကစားကွင်းများ ဆောက်လုပ်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် အဆိုပြန်လည်ရုပ်သိမ်းခဲ့သဖြင့် နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၂၄၃၃၇ ဒသမ ၄၀၂)ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆောက်အအုံဆောက်လုပ်ပြီးမှ ဘဏ္ဍာငွေ တောင်းခံခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြလာသော ဘတ်ဂျက်ကိစ္စများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်၍ နောင်တွင် ဤသို့မဖြစ်ရန် လိုကြောင်းကို လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း အသိပေးကြေညာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ ဥပဒေကြမ်း၏ ဇယား (၅)၊ အမှတ်စဉ်(၁)ပါ **နေပြည်တော်ကောင်စီ**၏ နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၂၆၂၆၃ ဒသမ ၄၃၅)အနက်မှ ကျပ်သန်း(၁၃၀၉ ဒသမ ၅၈၀)ကို လျှော့၍ခွင့်ပြုရန်အဆိုနှင့် ပတ်သက်၍ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း လွှတ်တော်က အတည်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

○ ရွှေဖုံးမှ

ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ ဦးသိန်းညွန့်၊ ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ခင်ပွန်း၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့် ဇနီးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့်ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်တို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဩစတြေးလျနိုင်ငံက ပူးပေါင်းကူညီဆောင်ရွက်ရေး၊ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များသို့ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများ ချီးမြှင့်ပေးရေး၊ တက္ကသိုလ်ဆရာ ဆရာမများ အရည်အသွေးမြှင့်မားရေးအတွက် သင်တန်းများ ပို့ချပေးရေးနှင့် နည်းပညာအကူအညီများ ပေးအပ်ရေး၊ ထူးချွန်အခြေခံပညာကျောင်းသား ကျောင်းသူများအား ဩစတြေးလျနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိရေး၊ အခြေခံပညာ ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ ရရှိရေး၊ ဆရာ ဆရာမများအား ခေတ်မီသင်ကြားရေးစနစ်များ လေ့လာခွင့်ရရှိရေး၊ ကျေးလက်နှင့် နယ်စပ်ဒေသရှိ စာသင်ကျောင်းများအတွက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ပေးရေး၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေမှုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နေမှုများ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည် ဖော်ရေးတို့အတွက် ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာမြင့်အောင်၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါ်စန္ဒာခင်၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်အတူ ဘုရင်ခံချုပ်၏ ခင်ပွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော်ရှိခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်တို့ တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် နယူးဆောက်သ်ဝေးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျ နေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စ မာရီယာဘာရှားနှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံနှင့် နယူးဆောက်သ်ဝေးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး၊ မြန်မာနိုင်ငံဆေးတက္ကသိုလ်များမှ ထူးချွန်ကျောင်းသား ကျောင်းသူများအား နယူးဆောက်သ်ဝေးပြည်နယ်ရှိ ဆေးတက္ကသိုလ်များတွင် ပညာတော်သင်များအဖြစ် လက်ခံသင်ကြားပေးရေး၊ မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ကူညီပံ့ပိုးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❖ စာမျက်နှာ ၇ မှ

လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သုံးစွဲခဲ့သည့် ကျပ်သန်းပေါင်း (၁၆၉၀ ဒသမ ၁၁၃)နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သုံးစွဲခဲ့သည့် ကျပ်သန်းပေါင်း (၁၀ ဒသမ ၁၀၀)တို့ကို ဥပဒေနှင့်အညီ သုံးစွဲခြင်းအတွက် ကျိုးကြောင်းဖော်ပြချက်ပါရှိသော နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့သည့်သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)ပါ အမှုကိစ္စများအပေါ် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်းသည့်သဝဏ်လွှာကို နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားပြီး အဆိုပါသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ (၆)လ နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၇/၂၀၁၃)ကို ပူးပေါင်းကော်မတီဝင် ဦးနုက ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၃၅	တေးဂီတအစီအစဉ်
၈း၂၅	ဆိုလိုက်ကြစို့
၁၁း၁၀	"အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ ကြည်စိုး၊ မေထွဋ်ခေါင်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး) (ဒါရိုက်တာ-ကြည်စိုး)
၁၂း၂၅	ဖြူ/မည်းရုပ်ရှင် "အပျို့လင်" (မောင်မောင်အေး၊ မောင်လှမောင်၊ ခင်ခင်မေ၊ မသိန်းရင်) (ဒါရိုက်တာ-ဆရာခန့်)
၄း၄၅	ဂီတမဟာပျော်စရာ
၆း၃၀	ရွှေရင်ခုန်သံ
၇း၂၅	ကြယ်ပွင့်များရဲ့ရင်ခုန်သံ -ပြည်သူတို့ရဲ့စကားသံများ -သုခုမရင်ခွင်အငြိမ့်သဘင် "ဒီစတားအငြိမ့်" (မင်းသမီး-ငုဝါစိုး၊ လူရွှင်တော်-ချစ်ဖူး၊ အေးချမ်း၊ ထက်လင်း၊ ဂဏန်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

❑ ကျောဖုံးမှ

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂ္ဂလာခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ တိုင်းရင်းသားအဖွဲ့အစည်းများမှ အဖွဲ့ခေါင်းဆောင် မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူး ဦးနိုင်ဟံသာက ယမန်နေ့ညနေပိုင်းက ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီက ပေးထားသည့် စာတမ်းကို မိမိတို့ ဆွေးနွေးသုံးသပ်ကြည့်သည့်အခါ ချက်ချင်းဆုံးဖြတ်ပေးနိုင်သည့်အနေအထားမရှိပါကြောင်း၊ မိမိတို့ခေါင်းဆောင်များထံ တင်ပြညှိနှိုင်းဆွေးနွေးပြီးမှသာ အဖြေပေးနိုင်မည်ဖြစ်ပါကြောင်း။

လိုင်ဇာကွန်ဖရင့်၏ သဘောတူညီချက်အရ ရေးဆွဲထားသောစာတမ်းကိုလည်း အစိုးရအဖွဲ့သို့ ပေးထားပြီးဖြစ်ပါကြောင်း၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ပြန်လည်ရှင်းလင်းပြောကြားပြီး အားလုံးနားလည်မှုဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကေအိုင်အိုအဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်က လိုင်ဇာကွန်ဖရင့်တွင် စာတမ်းဖတ်ပွဲ ကျင်းပပြီး Techanical Team အဖွဲ့များက အကြံပြုစာတမ်းများရှိ ခေါင်းစဉ်များအောက်တွင်ပါရှိသော သဘောထားများမှာ နှစ်ဖက်ရေးဆွဲထားသော အချက်များပါဝင်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးအတွက် စာချုပ်ချုပ်ဆိုနိုင်ရေးကို ခေါင်းဆောင်များအားလုံးက Mendate ချထားပေးပြီးဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွေ့ဆုံဆွေးနွေးပွဲ ပူးတွဲထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

ယနေ့ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက "ဒီနေ့ဆွေးနွေးတာ ပထမအဆင့်လို့ ပြောလို့ရတာပေါ့။ ဒီကနေ့ ကျွန်တော်တို့ ပြောလိုက်တဲ့အချက်တွေရှိပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆင့်ရောက်ဖို့အတွက် ပြုစုထားတဲ့မူကြမ်းပေါ့။ အဲဒါကို သူတို့ ပြန်လည်ဆွေးနွေးသုံးသပ်ပြီးတော့ ဒုတိယအဆင့်မှာ သူတို့ ဘယ်ဟာကို သဘောတူတယ်၊ သဘောမတူဘူးဆိုတာ ဆွေးနွေးမယ်။ အားလုံးသဘောတူပြီးရင်တော့ လက်မှတ်ရေးထိုးတဲ့အဆင့်ရောက်သွားမှာပေါ့။ ဒီနေ့ဆွေးနွေးပွဲကတော့ တစ်နိုင်ငံလုံးအနေအထားနဲ့ အပစ်အခတ်ရပ်စဲရေးအတွက် အဓိကအဆင့်တစ်ဆင့်ကို ရောက်သွားတယ်လို့ ပြောလို့ရတာပေါ့" ဟု ပြောပြခဲ့သည်။

ထို့ပြင် "ဒီနေ့ဆွေးနွေးပွဲအနေအထားရော၊ မနေ့က ဆွေးနွေးပွဲအနေအထားကို ကြည့်ရင်တော့ အပစ်အခတ် ရပ်စဲရေးအတွက် အဖွဲ့တွေကလည်း စိတ်ဆန္ဒအပြည့်အဝရှိတယ်လို့ သုံးသပ်ပါတယ်။ ကျွန်တော်တို့တပ်မတော်ကလည်း အပစ်အခတ်ရပ်စဲချင်လို့ အထူးသဖြင့်တော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လက်မှတ်ရေးထိုးနိုင်ဖို့ကို ထဲထဲဝင်ဝင် ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးရရှိအောင်လို့ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြခဲ့သည်။

"လိုင်ဇာဆုံးဖြတ်ချက်တွေကို အစိုးရဘက်က လေ့လာမယ်။ ပြန်ပြီးတင်ပြတဲ့ သဘောတူညီချက်မူကြမ်းကို တိုင်းရင်းသားတွေက ပြန်လေ့လာပြီးတော့ ပြန်တွေ့ကြမယ်။ ဒါကလည်း ဒီဆွေးနွေးပွဲက အင်မတန် ကောင်းပါတယ်။ လွတ်လွတ်လပ်လပ် ဆွေးနွေးလို့ရပါတယ်။ သေနတ်နဲ့ပစ်မယ့်အစား ပါးစပ်နဲ့ဆွေးနွေးတာပိုကောင်းတာပေါ့။ ကျွန်တော်ပြောချင်တာကတော့ လူထုရော၊ ကမ္ဘာမှာရောအားလုံးက လောကြီးစရာမလိုဘူးထင်ပါတယ်။ သူတို့မျှော်လင့်တာ မြန်မြန်မလုပ်ဆောင်နိုင်လို့ စိတ်မပျက်စေချင်ပါဘူး"ဟု ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ အကြံပေးဖြစ်သူ ဦးခွန်ဆိုင်ကလည်း ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ပြောပြခဲ့သည်။

"၂၀၁၁ ခုနှစ် ဩဂုတ်လကစပြီး ငြိမ်းချမ်းရေး ဖိတ်ခေါ်ခဲ့တယ်။ ဖိတ်ခေါ်ပြီးနောက်ပိုင်းမှာ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးတယ်၊ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးတယ်၊ အဖွဲ့ ၁၄ ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲခဲ့ပြီး ကျန်တဲ့နှစ်ဖွဲ့နဲ့လည်း ဆွေးနွေးနေပါတယ်။ ဒီဆွေးနွေးပွဲတွေရဲ့ရလဒ်ကနေပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ စုစည်းပြီးတော့ အစည်းအဝေးပွဲလုပ်ခွင့်ပေးခဲ့တယ်၊ အဲဒီအစည်းအဝေးပွဲရလဒ်ကနေပြီးတော့လည်း ဒီမှာပြန်ပြီး ဆွေးနွေးနိုင်ခဲ့တယ်၊ တင်ပြလိုတာကတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၆၅ နှစ်အတောအတွင်းမှာ ပဋိပက္ခကိုလက်နက်နဲ့ ဖြေရှင်းခဲ့တဲ့ တိုင်းရင်းသားတွေနဲ့ တာဝန်ရှိတဲ့သူတွေ ပထမဦးဆုံး ဆွေးနွေးနိုင်ခဲ့တဲ့အတွက် နိုင်ငံအတွက် ရလဒ်ကောင်းတွေ ရလိမ့်မယ်လို့မျှော်လင့်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့တာတွေလည်း Statement တစ်ခု ထုတ်ပြန်နိုင်ခဲ့ပါတယ်၊ ဆက်တော့ ဆွေးနွေးဖို့လိုလိမ့်မယ်၊ အခုလို နှစ်ဖက်ပူးပေါင်း ဆွေးနွေးတာကိုလည်း နှစ်ဖက်လုံးအသိအမှတ်ပြုတယ်၊ ဒီဇင်ဘာလမှာလည်း ဘားအံမှာ ဆွေးနွေးပြီးတော့ သိပ်အကြာကြီး မဟုတ်ဘဲ မြန်မြန်လက်မှတ်ရေးထိုးဖို့ လုပ်ပါ့မယ်လို့ ပြောတဲ့အတွက် အားလုံးပါဝင်တဲ့နိုင်ငံရေးဆွေးနွေးပွဲကြီးမကြာခင်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု မြန်မာငြိမ်းချမ်းရေးစင်တာ (Myanmar Peace Center) မှ ဦးလှမောင်ရွှေက ပြောပြခဲ့သည်။

"အခုလို ပထမဦးဆုံးအကြိမ် စုံစုံညီညီတွေ့ဆုံတာဖြစ်လို့ လက်မှတ်ရေးထိုးတဲ့အဆင့်ကို မရောက်သေးသော်လည်း ကျွန်တော်တို့ရှေ့ဆက်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေအတွက် အားလုံးလမ်းပွင့်သွားတာပေါ့။ ရှေ့မှာ အားလုံးပူးပေါင်းလုပ်ဆောင်သွားမယ်ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့အပစ်အခတ်ရပ်စဲရေးကို ညှိနှိုင်းပြီး လုပ်ဆောင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ရခိုင်ပြည် လွတ်မြောက်ရေးပါတီမှ ဦးခိုင်သုခက ပြောပြခဲ့သည်။

(သတင်းစဉ်)

ဩစတြေးလျဘုရင်ခံချုပ်နှင့် ခင်ပွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ဖိတ်ကြားချက်အရ ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့် ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့် ဇနီး၊ ရန်ကုန်မြို့ရှိ ဩစတြေးလျနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယင်းမှတစ်ဆင့် ဧည့်သည်တော် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများနှင့်အတူ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ ဗြိတိသျှ ခနသဟာယ စစ်သင်္ချိုင်းသို့ ရောက်ရှိကြပြီး ခနသဟာယ စစ်သင်္ချိုင်းကော်မရှင်မှ တာဝန်ရှိသူက စစ်သင်္ချိုင်းနှင့် စပ်လျဉ်းသည်များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းတို့သည် ခနသဟာယ စစ်သင်္ချိုင်းရှိ ဩစတြေးလျနိုင်ငံစစ်သည်များ၏ ဂူဗိမာန်ရှေ့၌ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ စစ်သင်္ချိုင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

○ ကော့သောင်းမြို့မှ

အဆိုပါ AWOS စနစ်မတပ်ဆင်မီက ကော့သောင်းမြို့ မိုးလေဝသ တိုင်းထွာချက်များကို ရိုးရိုးနည်းဖြင့် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ယခု AWOS ကိရိယာသည် အင်္ဂလန်နိုင်ငံ ထုတ်ကုန်ပစ္စည်းဖြစ်ပြီး ဆိုလာ ရေဒီရေးရှင်း ကွန်ပျူတာကွန်ထရိုးစနစ်ဖြင့် မိုးရေချိန်၊ အပူချိန်၊ လေတိုက်နှုန်း၊ လေထုအပူချိန်၊ လေထုဖိအား၊ လေထုစိုထိုင်းဆ၊ လေတိုက်ရာအရပ် စသည့်လုပ်ဆောင်ချက် ခုနစ်မျိုးအား အလိုအလျောက် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်စွာတိုင်းထွာပေးနိုင်မည်ဖြစ်သည်။ AWOS ကိရိယာအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏အစီအစဉ်ဖြင့် နေပြည်တော်၊ ဟဲဟိုး၊ မန္တလေး(ချမ်းမြသာစည်)၊ ညောင်ဦး၊ ပြည်၊ မင်္ဂလာဒုံ၊ မော်လမြိုင် စသည့် ခုနစ်မြို့တွင်တပ်ဆင်ခဲ့ပြီးဖြစ်ရာ ယခု ကော့သောင်းမြို့တွင် ရှစ်ခုမြောက် တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျနေသဟာယနိုင်ငံဘုရင်ခံချုပ်တို့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၁၂)၌ တွေ့ဆုံကြသည်။ **(သတင်းစဉ်)**

အစဉ်အလာကောင်းဖို့ မျှော်လင့်ရတဲ့ Miss Myanmar မိုးစက်ဝိုင်

ဖြိုးသူစံ

Miss Universe Myanmar Art & Entertainment မှ ရွေးချယ်တင်မြှောက်ခဲ့တဲ့ Miss Myanmar မိုးစက်ဝိုင် ဟာ အခုဆိုရင် Miss Universe ပြိုင်ပွဲကြီးတွင် ကမ္ဘာနဲ့ ရင်ပေါင်တန်းပြိုင်ပွဲဝင်လျက်ရှိပါတယ်။ Miss Universe ပြိုင်ပွဲရဲ့ အဆင့်ဆင့်ယှဉ်ပြိုင်ပွဲများတွင် လက်ရှိရိုးရာဝတ်စုံပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှာ ဝတ်ဆင်ယှဉ်ပြိုင်ခဲ့ပြီး ဆန်ခါတင် ၁၅ ဦးထဲတွင် ပါဝင်နေပါတယ်။

နိုဝင်ဘာ ၇ ရက်မှာတော့ ဝတ်စုံပြည့် အကြိုလေ့ကျင့်ပွဲကို ကျင်းပမှာဖြစ်ပြီး နိုဝင်ဘာ ၉ ရက်မှာတော့ နောက်ဆုံးအဆင့် Miss Universe ပြိုင်ပွဲကို အပြီးသတ်ကျင်းပမှာဖြစ်ပါတယ်။

အဲဒီပြိုင်ပွဲအတွက် မြန်မာနိုင်ငံကိုယ်စားပြု မိုးစက်ဝိုင်က စင်မြင့်လမ်းလျှောက်ခြင်း၊ စကားပြောခြင်းနဲ့ မဲနှိုက်မေးခွန်းဖြေဆိုခြင်းများကို အပြင်းအထန် ကြိုးစားလေ့ကျင့်နေပါတယ်။ မေးခွန်းများကိုတော့ မြန်မာပြည်မှ စီစဉ်သူအဖွဲ့က စုဆောင်းပေးနေတာကိုလည်း သိရပါတယ်။ ယခုလက်ရှိ မိုးစက်ဝိုင်ရဲ့ အခြေအနေကတော့ အင်တာနက်ဘုတ်ပေးတဲ့နေရာမှာ အမှတ်အများဆုံးနဲ့ ပထမနေရာမှာ ရောက်ရှိနေပါတယ်။ ရိုးရာဝတ်စုံပြိုင်ပွဲမှာ ဆန်ခါတင် ၁၅ ဦးတွင် ပါဝင်နေကြောင်း၊ အလှဆုံးခာတ်ပုံဆုကို ဆန်ခါတင်ရှစ်ယောက်တွင် ပါဝင်နေကြောင်း၊ ဘစ်ကနီ ဝတ်စုံပြိုင်ပွဲတွင် အလှဆုံး သုံးယောက်ထဲတွင် ပါဝင်နေကြောင်း၊ Miss Universe Myanmar Art & Entertainment မှလည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ မျှော်မှန်းထားကြောင်း၊ မိုးစက်ဝိုင်အနေနဲ့လည်း အစွမ်းကုန်ကြိုးစားနေကြောင်း တာဝန်ရှိသူ ကိုချမ်းမင်းသူက ပြောကြားခဲ့ပါတယ်။

Miss Universe Myanmar မိုးစက်ဝိုင်က မြန်မာပြည်ကို နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာမှာဖြစ်ပါတယ်။ သူရဲ့ ပထမဦးဆုံးရည်ရွယ်ချက်အနေနဲ့ ပရဟိတလုပ်ငန်းထူထောင်ကာ အများပြည်သူအကျိုးပြုလုပ်ငန်းကို အရင်လုပ်သွားမယ်လို့လည်း သိရပါတယ်။ အခြားအနုပညာကမ်းလှမ်းချက်များကိုတော့ မိုးစက်ဝိုင်နဲ့ Miss Universe Myanmar Organization ဖြင့် အစဉ်ညှိနှိုင်းဆွေးနွေး တိုင်ပင်ပြီးမှ လုပ်ဆောင်သွားမယ်လို့လည်း သိရပါတယ်။ Miss Universe ပြိုင်ပွဲဝင် မိုးစက်ဝိုင်အနေနဲ့ မြန်မာပြည်ဂုဏ်ဆောင် ဆုတံဆိပ်ပေါင်းများစွာ ပွေ့ပိုက်ပြီး ပြန်လာနိုင်မလားဆိုတာကိုတော့ အားလုံး စိတ်ဝင်စားလျက်ရှိပါတယ်။

ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်အား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါးစုံညီ တတိယအစည်းအဝေး ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တတိယအစည်းအဝေးကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၄၊၅၊၆) ရက် (၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁၊၂၂၊၂၃ရက်) ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၇၊၈)ရက်(၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၄၊၂၅ ရက်)တနင်္ဂနွေ၊ တနင်္လာနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၀ ရက်) ဗုဒ္ဓဟူးနေ့အရောက် ကြွရောက်တော်မူပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေလျှံမှုကြောင့် လယ်ဝေးမြို့နယ်အတွင်းရှိ ယာယီရွှေ့ပြောင်းခဲ့ရသည့် ကျေးရွာသူ ကျေးရွာသားများ မိမိတို့လုပ်ငန်းခွင်များအတွင်း ပျော်ရွှင်စွာပြန်လည်ဝင်ရောက်လျက်ရှိ

အောက်တိုဘာ ၂၇၊ ၂၈၊ ၂၉ ရက်တို့တွင် မိုးရေချိန် သုံးလက်မခန့်အထိ သုံးရက်ဆက်တိုက်မိုးအဆက်မပြတ် ရွာသွန်းသဖြင့် စစ်တောင်းမြစ်ရေနှင့် မဲဟော်ချောင်းရေမြင့်တက်လာမှုများကြောင့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း လယ်ဝေးမြို့နယ်

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်။

အတွင်းရှိ ယာယီရွှေ့ပြောင်းခဲ့ရသည့် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများသည် မိမိတို့လယ်ယာလုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

လယ်ဝေးမြို့နယ်တွင် စုစုပေါင်း ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာပေါင်း ၂၆၁ ရွာရှိရာ ယခုစစ်တောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် သစ်ကြိမ်းနှင့် ရေကာကျေးရွာအုပ်စုများအတွင်းရှိ ဟေမာန်၊ ကြို့ပင်သာ၊ အောင်သုခ၊ ဘို့ကိုးလုံးကျေးရွာတို့မှ အိမ်ထောင်စုပေါင်း ၃၁၅ စု၊ ကျေးရွာသူ ကျေးရွာသား၁၃၈၇ တို့အား ကူညီကယ်ဆယ်စောင့်ရှောက်ပေးနိုင်ခဲ့ပြီး ၎င်းတို့နေရပ်များသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းသိရသည်။

"မြစ်ရေလျှံတယ်လို့ သတင်းရရချင်း ကျွန်တော်နေပြည်တော်ကောင်စီကို သတင်းပို့ပြီး ဌာနဆိုင်ရာတွေနဲ့အတူ မြစ်ရေလျှံတဲ့နေရာတွေကို ချက်ချင်းသွားခဲ့တယ်။ ယာယီရွှေ့ပြောင်းနေရာချထားပေးရမယ့် အိမ်ထောင်စုတွေ၊ ကျွဲ၊ နွား တိရစ္ဆာန်တွေကို စက်လှေတွေ၊ မော်တော်ယာဉ်တွေအသုံးပြုပြီး ရေဘေးလွတ်ရာ ဗောဓိကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း နေရာချထားပေးခဲ့တယ်၊ မီးသတ်၊ ကြက်ခြေနီ၊ စစ်မှုထမ်းဟောင်းတွေ၊ တပ်မတော်သားတွေနဲ့ လူမှုရေးအဖွဲ့အစည်းတွေက အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြတယ်ဗျ၊ မြို့နယ်ဆရာဝန်ကြီးဦးစီးပြီး ဆေးခန်းဖွင့်လှစ်ခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ကြက်ခြေနီရုံးခန်း ဖွင့်လှစ်ခြင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီ။ ထောက်ပံ့ရေးပစ္စည်းတွေအနေနဲ့ ဆန်အိတ် ၄၃ အိတ်၊ ဆီပိသာ ၃၀၊ မာမားခေါက်

ဟေမာန်ကျေးရွာမှ ဦးချို။

ဆွဲခြောက်ထုပ် ၁၅၀၀၊ ရေသန့်ဘူး ၂၀၀၀၊ ဆေးငါးမျိုးပါ ဘူး ၅၀၀တို့ကို စနစ်တကျ ထောက်ပံ့ပေးဝေနိုင်ခဲ့တယ်၊ အောက်တိုဘာ ၃၀ ရက်မှာ ရွာခြေတွေအထိ ရေလုံးဝတင်ကျန်ခြင်းမရှိဘဲ ကျဆင်းသွားခဲ့တာ

သတင်းဆောင်းပါး
မင်းမင်းဇော်

ကြောင့် အောက်တိုဘာ ၃၁ ရက်နေ့ခင်းပိုင်းမှာ နောက်ထပ်ရောက်ရှိလာတဲ့ လှူဒါန်းပစ္စည်းတွေအားလုံးကို စနစ်တကျခွဲဝေပေးပြီး သူတို့နေတဲ့အိမ်တွေအထိ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့တယ်"ဟု လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က ပြောပြခဲ့သည်။

"စစ်တောင်းမြစ်ရေက နှစ်နှစ်သို့မဟုတ် သုံးနှစ်တစ်ကြိမ်လောက် မြစ်ရေလျှံတတ်တယ်၊ အခုမြစ်ရေလျှံလို့ သိပ်မကြာခင်မှာပဲ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ ကျွန်တော်တို့ မြစ်ရေလျှံတဲ့ရွာတွေဆီရောက်လာပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တာ အားရကျေနပ်စရာပါပဲဗျာ၊ မြစ်ကမ်းဘေး ကျေးရွာမြေနိမ့်ပိုင်းမှာ ခြောက်ပေလောက်အထိ မြစ်ရေမြင့်တက်ခဲ့ပြီး မြေအမြင့်ပိုင်းမှာတော့ နှစ်ပေခွဲ၊ သုံးပေခန့်လောက်အထိ သုံးရက်လောက် ရေလွှမ်းမိုးခံခဲ့ရတယ်၊ လယ်ယာတွေဆိုးဆိုးရွားရွား မပျက်စီးလို့ တော်သေးတာပေါ့ဗျာ၊ အခုတော့ ကျေးရွာသူ ကျေးရွာသားတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ လယ်ယာလုပ်ငန်းခွင်ပြန်လည်ပြုပြင်ဝင်ရောက်လုပ်ကိုင်နေကြတာတွေကို ခင်ဗျားတို့မြင်တွေ့ရမှာပါ"ဟု ဟေမာန်ကျေးရွာနေ ဦးချိုက ပြောပြခဲ့သည်။

မြို့နယ်တစ်ခွင် သန့်ရှင်းဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့

ယစ်မျိုးလိုင်စင်ခွန် စနစ်တကျကောက်ယူ တရားမဝင်ရောင်းချသူနှင့် သောက်သုံးသူကျဆင်း

မော်လူး နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် ယစ်မျိုးလိုင်စင်ခွန်ကို စနစ်တကျကောက်ယူပြီး တရားမဝင်ရောင်းချသူများကို စိစစ်လာသောကြောင့် တရားမဝင်ရောင်းချမှုလျော့နည်းပြီး သောက်စားမူးယစ်သူများ သိသိသာသာကျဆင်းလာကြောင်းသိရသည်။

မော်လူးဒေသအတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာ ၄၃ ရွာများသို့ မြန်မာနိုင်ငံယစ်မျိုးဥပဒေတွင် အခွင့်အာဏာရှိသူ၏ခွင့်ပြုချက်လိုင်စင်မရှိဘဲ ယစ်မျိုးထွက်ပစ္စည်းများကို နိုင်ငံအတွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို မပြုလုပ်ရန်တားမြစ်ခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းအသိပေးခဲ့ရာ ယစ်မျိုးလုပ်ငန်းလုပ်ကိုင်သူများက မြို့နယ်သို့သွားရောက်၍ ယစ်မျိုးလိုင်စင်ခွင့်ပြုချက်ရယူပြီးမှဆောင်ရွက်ရာ မော်လူးမြို့ပေါ်တွင်ဆိုင်ဖွင့်ရောင်းချသူ ခြောက်ဦးခန့်ရှိပြီး ကျန်ကျေးရွာများတွင် တောအရက်ခေါ် အရက်ဖိုများလိုင်စင်ကြေးမဆောင်နိုင်ကြသဖြင့် ရပ်နားထားကြကြောင်း လိုင်စင်ခွန်တိုးမြှင့်ကောက်ခံမှုကြောင့် လိုင်စင်ကြေးဆောင်ကာ အရက်ရောင်းချသူများက ယခင် အရက် ၄၀ ကျပ်သားဝင် ပုလင်းတစ်လုံးကို ၇၀၀ ကျပ်သာရောင်းချရာမှ ယခုတစ်ဆတိုး၍ ကျပ် ၁၄၀၀ ထိ တိုးမြှင့်ရောင်းချလာမှုကြောင့် အရက်ကြိုက်တတ်သူများ၊ အလုပ်ပင်ပန်း၍ဒဏ်ကြေသဘောဆေးဖြစ်ဝါးဖြစ်သောက်သုံးသူများ၊ အပျော်သောက်သူများ သိသိသာသာလျော့နည်းသွားကြောင်း လိုင်စင်ရအရက်နှင့် အဖျော်ယမကာရောင်းချသူဆိုင်ရှင်တစ်ဦးထံမှ သိရသည်။

(ဝဥရ)



နည်းပညာသတင်း | TIKILA

မင်တောင့်အစားထိုး ခဲတံအသုံးပြုပုံနှိပ်မည့် Printer

စာရေးသားသည့်ခဲတံအား မင်တောင့်/မင်ရည်နေရာတွင် အစားထိုးကာပုံနှိပ်နိုင်မည့် စက်တစ်မျိုးကို Yanko Design ဟု အမည်ရသော လုပ်ငန်းမှ ဒီဇိုင်းပညာရှင် Hoyoung Lee ဆိုသူက နည်းပညာစာမျက်နှာများတွင် မိတ်ဆက်ပြသလိုက်သည်။ အဆိုပါစက်သည် Pencil Printer ဟု အမည်ရပြီး ခဲတံတစ်ချောင်းချင်းအသုံးပြုကာ စာရွက်ပေါ်တွင် ပုံနှိပ်နိုင်မည်ဖြစ်သည်ဟု သိရသည်။ ဒီဇိုင်းရိုးရှင်းလှပပြီး လွယ်ကူစွာတပ်ဆင်ထုတ်လုပ်နိုင်သော အဆိုပါစက်ကို ပရိသတ် နည်းပညာစာမျက်နှာများတွင် ကောင်းမွန်သော မှတ်ချက်ပေးခြင်းများကိုလည်း တွေ့ရသည်။ ကွန်ပျူတာငယ်များဖြင့် ချိတ်ဆက်ကာ စာလုံးရိုက်နှိပ်ရေးသားပြီး ပြန်လည်ပုံနှိပ်ရန်အတွက် ခဲတံကို စက်၏အပေါ်ဘက်နေရာတွင် တပ်ဆင်ကာ အတွင်းပိုင်းတွင် စာရွက်ထည့်ပေးရုံဖြင့် ရိုက်နှိပ်ရေးသားထားသောစာများ အဆင်ပြေစွာ ပုံနှိပ်နိုင်မည်ဟု သိရသည်။ ခဲတံအတွင်းရှိ ခဲဆန်ကို အမှုန့်အဖြစ်စက်မှ ပြန်လည်ထုတ်လုပ်ပြီး အဆိုပါခဲအမှုန့်ကို မင်အဖြစ်အစားထိုးအသုံးပြုပုံနှိပ်နိုင်သောကြောင့် မှားယွင်းသွားသောစာလုံးများကို ခဲဖျက်ဖြင့် ဖျက်ကာပြန်လည်ရိုက်နှိပ်ရေးသားနိုင်သည်ဟု အဆိုပါ ဒီဇိုင်းပညာရှင် Hoyoung Lee က ပြည်နယ်ပြန်ကြားရေးမီဒီယာများသို့ ပြောကြားသည်။ ၎င်းစက်မှ ရိုက်နှိပ်၊ ပုံနှိပ်လိုက်သည့် စာသားများကို မှားယွင်းသွားသည့်နေရာအတိအကျတွင် ခဲဖျက်ဖြင့်ဖျက်ပြီး ပြန်လည်ရိုက်နှိပ်နိုင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် အထူးကိုက်ညီမှုရှိပြီး စာရွက်ကုန်ကျမှုနှင့် စွမ်းအင်ချွေတာနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်သည်ဟု သိရသည်။ စက်အတွင်းပိုင်းတွင်းလည်း ခဲဖျက်စနစ်ထည့်သွင်းထားပြီး စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်အတွက် Printer တစ်လုံးတွင် အခြားမလိုအပ်သည့် အစိတ်အပိုင်းများကို

လျှော့ချနိုင်သလောက်လျှော့ချရန် ဖန်တီးထားသည်ဟု သိရသည်။ ဈေးနှုန်းအထူးသက်သာပြီး အသုံးပြုရလွယ်ကူသော အဆိုပါစက်ကို အွန်လိုင်းမှတစ်ဆင့် Yanko Design ၏ Web Page တွင် ဝယ်ယူရရှိနိုင်သည်ဟု သိရသည်။ မင်တောင့်/ မင်ရည်များနေရာတွင် သာမန်ခဲတံတစ်ချောင်းရှိရုံဖြင့် ပုံနှိပ်ထုတ်လုပ်နိုင်သော အဆိုပါစက်ကို ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် အများအပြားထပ်မံထုတ်လုပ်သွားမည်ဟု သိရသည်။ အခြားအိမ်သုံးပစ္စည်းများကိုလည်း စွမ်းအင်ချွေတာသည့် စနစ်၊ သဘာဝပတ်ဝန်းကျင်ကာကွယ်သည့် စနစ်များ အထူးထည့်သွင်းစဉ်းစားကာ ထုတ်လုပ်ရောင်းချလျက်ရှိသည်ဟု သိရသည်။

တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းဆောင်ရွက်နိုင်သော ခေတ်မီရိတ်သိမ်းခြွေလှေ့စက်(Combine Harvester)များအား စက်မှုဝန်ကြီးဌာန၌ လက်ငင်းငွေချေစနစ်အပြင် အရစ်ကျငွေပေးချေမှုစနစ်ဖြင့်လည်း ဝယ်ယူသုံးစွဲနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပထမအဆင့် ပြုပြင်ပြောင်းလဲရာတွင် တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်အတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များအား စက်မှုဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်ခဲ့ရာ စက်များကို ဖြန့်ဖြူးရန် အသင့်ရှိနေပြီးဖြစ်ကြောင်း သိရှိရပါသည်။

၂။ စက်မှုဝန်ကြီးဌာနတွင် မြင်းကောင်ရေ ၇၅ ကောင်အား အစီး ၂၀၀ နှင့် မြင်းကောင်ရေ ၈၅ ကောင်အား အစီး ၂၀၀ စုစုပေါင်း အစီး ၄၀၀ အသင့်ထုတ်လုပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်ရှိနေသော ဒေသများသို့ လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျငွေချေစနစ်ဖြင့် လည်းကောင်း ဖြန့်ဖြူးပေးရန် အသင့်ရှိနေပြီး ယခုအခါ မိုးစပါးရာသီရိတ်သိမ်းရန် အချိန်မီဆက်သွယ်ဝယ်ယူအသုံးပြုနိုင်ရေး ကြေညာထားရှိပြီးကြောင်း သိရှိရပါသည်။

၃။ တောင်သူလယ်သမားများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုခြင်းအားဖြင့် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေမည့်အပြင် တစ်ဧကလျှင် အလေအလွင့် ၁၀ တင်းနှုန်းထက်မကလျော့နည်းသက်သာသွားစေပြီး စပါး၏အရည်အသွေးကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေမည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည် ဖြစ်ပါသည်။

၄။ ယခုအခါ နိုင်ငံနှင့်အဝှမ်း တစ်ချိန်တည်း တစ်ပြိုင်တည်း ရင့်မှည့်နေပြီး ရိတ်သိမ်းရန်အသင့်ဖြစ်နေသည့် မိုးစပါးခင်းများ အလေအလွင့်မရှိဘဲ အချိန်မီ အမိုးအကာအောက် ရောက်ရှိနိုင်ရေးအတွက် အခက်အခဲတွေ့နေသော တောင်သူလယ်သမားများအတွက် စက်မှုဝန်ကြီးဌာနမှ စီစဉ်ထုတ်လုပ်ဖြန့်ဖြူးပေးရန် အသင့်ဖြစ်နေသည့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက် (Combine Harvester)များဖြင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးကြရန် လိုအပ်လျက်ရှိနေပါသည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စက်မှုဝန်ကြီးဌာနသို့ ဆက်သွယ်ဝယ်ယူဖြန့်ဖြူးအသုံးပြုခြင်းဖြင့် ဒေသအလိုက် စပါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရုံမျှမက နောက်တစ်သီးစိုက်ပျိုးရန်အတွက်လည်း မြေပြုပြင်ချိန် လုံလောက်စွာရရှိစေနိုင်သည့် လက်ငင်းအကျိုးကျေးဇူးရရှိစေနိုင်မည်ဖြစ်ပါသည်။

၆။ စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သော After Sale Service များ ဆောင်ရွက်ပေးသွားမည့်အပြင် Spare Part များ ရရှိရေးအပါအဝင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညှိနှိုင်းချက်အရ သိရှိရပါသည်။

၇။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအတွက် လက်ငင်းလိုအပ်လျက်ရှိနေသော ရိတ်သိမ်းခြွေလှေ့စက်များ (Combine Harvester) ဖြန့်ဖြူးရန် အသင့်ဖြစ်နေပြီးဖြစ်ပါသဖြင့် စက်မှုဝန်ကြီးဌာနသို့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပျောက်ဆုံး

ကျွန်တော်ဦးခင်မောင်ကြည်[၁၂/မရက(နိုင်)၁၅၉၂၅၂]ကိုင်ဆောင်သူသည် ခရီးသွားလာစဉ်ကားတင်သွင်းခွင့် စီးပွားကူးသန်းမှုရင်းနှင့် အကောက်ခွန်ရှင်းလင်းပြီးကြောင်း Custom ID မူရင်း၊ Third B.L မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၄၂၀၀၅၀၂၃၄
ဦးခင်မောင်ကြည်
[၁၂/မရက(နိုင်)၁၅၉၂၅၂]

၁၉၇၂-၇၇ ရန်ကုန် B.Ed ဘွဲ့ရ

သူငယ်ချင်းတို့ရေ

ကထိန်အလှူ လှူရင်းတွေ့ဆုံကြရအောင်

နေရာ	-	အထက(၃)စမ်းချောင်း
အချိန်	-	နံနက် ၉နာရီ
ရက်စွဲ	-	၉-၁၁-၂၀၁၃ရက်(စနေနေ့)(တန်ဆောင်မုန်းလဆန်း ၇ရက်)

ဆက်ဆက်လာခဲ့ကြနော်။ ဆန္ဒရှိရင် လှူဖွယ်ပစ္စည်းများယူလာနိုင်ပါတယ်။

ကုန်ကျငွေကို ရန်ပုံငွေထဲမှ ကျခံသုံးစွဲမှာ ဖြစ်ပါတယ်။

ဆက်သွယ်ရန်-

ရှိန်းလိန်းအောင် ၀၉-၅၁၉၃၈၅၀ **စန်းစန်းဌေး ၀၁-၅၁၀၆၈၅**
သန်းသန်းစိုး ၀၉-၅၀၁၇၃၈၅ **မေကြည်ထွန်း ၀၉-၇၃၀၇၈၉၅၃**
သူဇာ ၀၉-၇၃၀၉၅၂၅၇ **ခင်သန့်စင် ၀၉-၇၃၁၃၉၄၅၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2013-B-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါလုပ်ငန်းများ အပ်နှံခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်းတို့အတွက် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	မှတ်ချက်
၁။	IGW Softswitch Expansion စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	နိုင်ငံခြားငွေ
၂။	40G DWDM စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၃။	100G DWDM စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၄။	ရန်ကုန် ပုသိမ် International Backhaul Link UG Fiber Cable ဆက်ကြောင်း တည်ဆောက်ခြင်း	1 Lot	ကျပ်ငွေ
၅။	ဂြိုဟ်တုမြေပြင်စခန်းဆိုင်ရာ စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၆။	(၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	1 No	ကျပ်ငွေ

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈ မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ (Technical and requirement Proposal) ကို ၂၉-၁၁-၂၀၁၃ ရက် ၉း၃၀ မှ ၁၆း၃၀ နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၄၅၀၀၀၀၁၄၂၊ ၀၁-၆၅ ၆၅၀၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်း ယူဆောင်လာ၍ တင်သွင်းရပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ





ဆီးဂိမ်းအကြို တစ်ကိုယ်တော်စက်ဘီးစီးသူ ဦးပြုံး မုံရွာသို့ရောက်ရှိ

မုံရွာ နိုဝင်ဘာ ၅

ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိကျင်းပမည့် (၂၇) ကြိမ်မြောက် SEA Games အားကစားပြိုင်ပွဲကြီးသို့ ရခိုင်ပြည်နယ် စစ်တွေမြို့မှ အောက်တိုဘာ ၂၂ ရက်တွင် တစ်ကိုယ်တော်စက်ဘီးစီးသူ အသက် (၈၇)နှစ်ရှိပြီဖြစ်သော ဦးပြုံးသည် နိုဝင်ဘာ ၂ ရက် (စနေနေ့) ညနေပိုင်းက မုံရွာမြို့သို့ရောက်ရှိလာသည်။ ဦးပြုံးသည် နိုဝင်ဘာ ၅ ရက် နံနက်အစောပိုင်းတွင် မုံရွာမြို့မှ ရွှေဘိုမြို့၊ ထိုမှ ရတနာသိခ်တံတားကြီးကိုဖြတ်၍ မတ္တရာလမ်းမှတစ်ဆင့် မန္တလေးသို့စက်ဘီးစီး၍ သွားမည်ဖြစ်ကြောင်း သိရသည်။ မန္တလေးမြို့သို့ ရောက်ရှိစဉ် ပြင်ဦးလွင်သို့ ခရီးဆက်ဦးမည်ဖြစ်ကာ မန္တလေးမှ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် နေပြည်တော်သို့ အရောက်သွားကာ SEA Games ပြိုင်ပွဲကြီးသို့ သွားရောက်ဆင်နွှဲမည်ဖြစ် ကြောင်း သိရသည်။ ဦးပြုံးသည် ခရီးစဉ်တစ်လျှောက် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၏ သိမှတ်ဖွယ်ရာ များကို စာရွက်ရိုက်ဝေခြင်း၊ ဆီးဂိမ်းမြန်မာသီချင်းများအား ကက်ဆက်ဖြင့် ရောက်လေရာအရပ်ဒေသတွင် ဖွင့်လှစ်၍ နှိုးဆော်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ယူကျု၏အကောင်းဆုံးဗီဒီယိုဆု Girls' Generation ရရှိ

မျိုးစန္ဒာမောင်

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပခဲ့သည့် ယူကျုဂီတဆုပေးပွဲအခမ်းအနားတွင် Girls' Generation တောင်ကိုရီးယားဆယ်ကျော်သက်အမျိုးသမီးတေးဂီတအဖွဲ့က I Got a Boy သီချင်းဖြင့် ပထမဆုံးအကြိမ်အဖြစ် တစ်နှစ်တာအကောင်းဆုံးဗီဒီယိုဆုကို ရရှိခဲ့သည်။

၎င်းအပြင် တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်ဆုကို အမေရိကန် ရက်ပ်အဆိုတော် Eminem က လည်းကောင်း၊ ကန်းထရီးတေးသံရှင် တေလာဆွတ်ဖ်က ယူကျု၏ အံ့ဖွယ်ပုဂ္ဂိုလ်ဆုကို လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။ ထို့အပြင် တောင်ကိုရီးယားအဆိုတော် Psy သည် ယင်းဆုပေးပွဲ၏ ဆုအမျိုးအစားသုံးမျိုးအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသော်လည်း ဆုပေးပွဲ အခမ်းအနားတွင်မူ ဆုတစ်ဆုမျှ ရွေးချယ်ခြင်း မခံခဲ့ရပေ။

အာရှထိပ်တန်းအနုပညာရှင်အဖြစ် ဂုဏ်ပြုခံရသူ ရိန်း

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်တစ်ဦးဖြစ်သူ ရိန်းအား တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် BAZAAR Men's Style ဆုပေးပွဲ အခမ်းအနားတွင် အာရှ၏ ထိပ်တန်းအနုပညာရှင်တစ်ဦး အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ကြောင်းသိရသည်။

ရိန်းသည် အနုပညာကဏ္ဍတွင် ရုပ်ရှင်သရုပ်ဆောင်၊ အဆို၊ အကပိုင်းဆိုင်ရာများကိုပါ ဘက်စုံကဏ္ဍစုံတွင် ကျွမ်းကျင်ပိုင်နိုင်မှုကြောင့် အဆိုပါဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဆုပေးပွဲ အခမ်းအနား တွင် ရိန်းက ၎င်း၏ နာမည်ကျော် တေးသီချင်းများဖြစ်သည့် Hip Song နှင့် I Do သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ရိန်းသည် လွန်ခဲ့သည့် ဇူလိုင်လအတွင်းက တပ်မတော် တွင်တာဝန်ထမ်းဆောင်ခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးဆုံးခဲ့ပြီး ဩဂုတ်လအတွင်းက ထိုင်းနိုင်ငံ၌ ကျင်းပသည့် ဂီတပွဲတော်တွင်လည်း ပါဝင်ဖျော်ဖြေခဲ့ကာ ယခုလတွင် ဂျပန်နိုင်ငံ၌ ဂီတဖျော်ဖြေပွဲများ ကျင်းပသွားရန်ရှိကြောင်း သိရသည်။

မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းပါစေသား

ကျွန်တော်တို့ငယ်ငယ်က
ညအိပ်ရာဝင်
အဖေပြောဖူးတဲ့ ပုံပြင်တွေထဲမှာ
ဦးဇော်ဝိတ်ကြီးရဲ့အကြောင်း
သူဟာ သူရဲကောင်းဖြစ်ခဲ့တယ်
ဇော်ဝိတ် ကွ ဇော်ဝိတ်
ဖိတ်ကျလာတဲ့ လက်ခုပ်သံတွေကြားက
ဗလကိုပြ အလေးကိုမ
မြန်မာကို ကမ္ဘာက သိစေခဲ့တဲ့သူဖြစ်တယ်
ဇော်ဝိတ်ကြီးကွ တို့မြန်မာ
မြန်မာမာန် မြန်မာ့အား တွေနဲ့
မြန်မာကို ကိုယ်စားပြု
ကမ္ဘာကို အန်တုနိုင်ခဲ့သူဖြစ်တယ်
ဦးဇော်ဝိတ်ကြီးရဲ့ အားနှင့်မာန်
မျိုးဆက်သစ်တို့ထံ ဆင့်ပွား
အားကစားအရာ
ကမ္ဘာ့တစ်လွှားမှာဖြင့်
မြန်မာများပေတကားဟု
ဝင့်ကြွားနိုင်ပါစေသား။ ။

မောင်ရေချမ်း(ကျောက်တန်း)



ကြော်ငြာစာ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်ရှိ မွေးမြူရေးခြံ/စက်ရုံများအား အကျိုးတူဖက်စပ် (Product Sharing)ပြုလုပ်ရန် အဆိုပြုလွှာတင်ပြထားရှိပြီးဖြစ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများနှင့် ၁-၁၁-၂၀၁၃ ရက်တွင် ပထမအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ (Product Sharing) လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်မံညှိနှိုင်းဆွေးနွေးလိုပါသဖြင့် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အစည်းအဝေးခန်းမ၊ ရုံးအမှတ်(၃၆) နေပြည်တော်သို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
နေပြည်တော်

စပိန်လာလီဂါ ရင်ခုန်သံ –၁၃

စပိန်လာလီဂါပွဲစဉ်(၁၃)မှာ ဗီလာရီးယဲလ်နဲ့ အက်သလက်တီကိုတွေ့တယ်။ ရီးယဲလ်မက်ဒရစ်နဲ့ဆိုစီဒက်ဆုံတယ်။ ပွဲကောင်းတွေဖြစ်လာဖို့ရှိတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကစားခဲ့ရမယ့် အသင်းတွေအနေနဲ့လည်း ပွဲပန်းမှုတွေရှိလာနိုင်တာကို သတိပြုအားပေးရဖို့ရှိတယ်။

အိုဆာစူနာ -အယ်မာရီးယား နံနက် ၁း၃၀ (၉-၁၁-၂၀၁၃)

အိုဆာစူနာခြေက သာမန်သာရှိတယ်။ ဒါပေမယ့် ဒီပွဲကအိမ်ကွင်း။တန်းဆင်းဇုန်နဲ့ ကပ်နေတဲ့အတွက်လည်း အားစိုက်ကစားလာမယ့် အခြေအနေမှာရှိတယ်။ အယ်မာရီးယားက နှစ်ပွဲဆက်အနိုင်နဲ့ ခြေတက်လာတာ မှန်ပေမယ့် အဝေးကွင်းပွဲတွေမှာ တည်ငြိမ်မှုမရှိသေးဘူး။ အိုဆာစူနာနဲ့ပဲ ရပ်တည်ချင်တယ်။

ဂရန်နာဒါ-မာလာဂါ နံနက် ၃း၃၀ (၉-၁၁-၂၀၁၃)

ဂရန်နာဒါက ခြေမငြိမ်ဘူး။ အထူးသဖြင့် အိမ်ကွင်းခြောက်ပွဲမှာ ငါးပွဲအထိ ရှုံးနိမ့်ထားတယ်။ မာလာဂါက ရလဒ်တွေဆိုးနေတာမှန်တယ်။ ဒါပေမယ့် အဝေးကွင်းခြောက်ပွဲမှာ နိုင်ပွဲမရှိတဲ့ကြားက လေးပွဲသရေကစားထားနိုင်တာကိုကြည့်ရင် အမှတ်ရယူတတ်တာမြင်သာတယ်။ မာလာဂါရဲ့ရှုန်းကန်အားကို ကြိုက်တယ်။

ရီးယဲလ်-ဆိုစီဒက် ည ၉း၃၀ (၉-၁၁-၂၀၁၃)

ဆိုစီဒက်ကို ရီးယဲလ်လွယ်လွယ်နိုင်ပါ့မလား။ နောက်ဆုံးလေးပွဲမှာ အရှုံးမရှိ၊ သရေတစ်ပွဲ၊ အနိုင်သုံးပွဲရထားတဲ့ ဆိုစီဒက်ရဲ့ကစားအားက ကောင်းတယ်။ ဒါပေမယ့် ဆိုစီဒက်က ချန်ပီယံလိဂ်မှာ ရီးယဲလ်ထက်ပိုအားစိုက်လာရမယ့်အခြေအနေရှိသလို အရန်အင်အားလည်း မတောင့်တင်းဘူး။ ရီးယဲလ်ကို အားပေးရမယ်။

ဂီတာဖေး-အဲလ်ချီ ည ၁၁း၃၀ (၉-၁၁-၂၀၁၃)

ဂီတာဖေးခြေအနည်းငယ် ပြန်ကျသွားတယ်။ နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲရှုံးသွားတယ်။ ဒါပေမယ့် အဲလ်ချီကလည်း နှစ်ပွဲဆက်အနိုင်မရဘဲခြေပြန်ကျနေတယ်။ ဒီတော့ ဂီတာဖေး ထင်သလောက်အခက်အခဲမတွေ့နိုင်ဘူး။ အိမ်ကွင်းအားလည်းရှိတော့ ဂီတာဖေးနိုင်သွားဖို့ရှိတယ်။ သွင်းဂိုးတော့နည်းမယ်။

ဘီလ်ဘို-လီဗန်တေး နံနက် ၁း၃၀(၁၀-၁၁-၂၀၁၃)

နှစ်ပွဲဆက်အနိုင်ပျောက်ခဲ့ပေမယ့် ဘီလ်ဘိုရဲ့ အိမ်ကွင်းအားက ယုံကြည်လို့ရသေးတယ်။ အိမ်ကွင်းခြောက်ပွဲမှာ အရှုံးမရှိသေးဘူး။ ဒါပေမယ့် လီဗန်တေးကလည်း အဝေးကွင်းခြောက်ပွဲမှာ တစ်ပွဲသာရှုံးတဲ့အထိ ခံကစားအားကောင်းတယ်။ ဒီတော့ ဘီလ်ဘိုလွယ်လွယ်နဲ့အနိုင်မရနိုင်ဘဲ ကပ်ပြီးသာနိုင်ခြေရှိတယ်။

ဆဲလ်တာဗီဂို-ဗယ်လီကာနို နံနက် ၃း၃၀(၁၀-၁၁-၂၀၁၃)

ဆဲလ်တာဗီဂိုရဲ့ထူးခြားချက်က အိမ်ကွင်းနိုင်ပွဲမရသေးဘဲ နောက်ဆုံးငါးပွဲမှာလည်း နှစ်ပွဲသာနိုင်တယ်။ ဗယ်လီကာနိုကလည်း နောက်ဆုံးသုံးပွဲဆက်တိုက်ရှုံးပြီး အမှတ်ပေးဇယားရဲ့ အောက်ခြေကို ရောက်နေတယ်။ ဒါ့အပြင် အဝေးကွင်း ခြောက်ပွဲမှာလည်း ငါးပွဲအထိရှုံးပြီး သုံးဂိုးသာသွင်းထားနိုင်တယ်။ ဒီတော့ ဆဲလ်တာဗီဂိုတို့ ပထမဆုံးအိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့ရှိတယ်။

အက်စပန်ညို-ဆီဗီးလ် ညနေ ၅း၃၀ (၁၀-၁၁-၂၀၁၃)

ဆီဗီးလ်က အဝေးကွင်းနိုင်ပွဲမရှိသေးဘူး။ နောက်ဆုံးနှစ်ပွဲဆက်ရှုံးပြီး ခြေကျနေတယ်။ အက်စပန်ညိုကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်တဲ့အထိ ခြေပျက်နေတယ်။ အက်စပန်ညိုကွင်းဖြစ်ပေမယ့် အက်စပန်ညိုတို့ လွယ်လွယ်အနိုင်မရနိုင်ဘဲ ဆီဗီးလ်က သရေလောက်ခံကစားသွားနိုင်တယ်။

ဗလန်စီယာ-ဗယ်လာဒိုးလစ် ည ၁၀း၃၀ (၁၀-၁၁-၂၀၁၃)

ရှုံးပွဲဆက်နေမှုကို ဗလန်စီယာရပ်တန့်နိုင်ခဲ့ပေမယ့် ခြေကတော့ အကောင်းဆုံးပုံစံမှာ ရှိမနေဘူး။ ဒါ့အပြင် ယူရိုပါလိဂ်ကစားခဲ့ရမှုကြောင့်လည်း ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် ဗယ်လာဒိုးလစ်ကလည်း ခြေမငြိမ်တဲ့အပြင် အဝေးကွင်းမှာ တစ်ပွဲသာနိုင်သေးတယ်။ အိမ်ကွင်းအားနဲ့ ဖိအားပေးမယ့် ဗလန်စီယာကပ်နိုင်ဖို့ရှိတယ်။

ဗီလာရီးယဲလ်-အက်သလက် နံနက် ၀၀း၃၀ (၁၁-၁၁-၂၀၁၃)

ဗီလာရီးယဲလ်က ခြေမငြိမ်ပေမယ့် အိမ်ကွင်းအားကောင်းတယ်။ အိမ်ကွင်းခြောက်ပွဲမှာ တစ်ပွဲသာရှုံးပြီး လေးပွဲနိုင်ထားတယ်။ အက်သလက်တီကိုက လက်ရှိခြေကောင်းနေတာမှန်တယ်။ အဝေးကွင်းကစားအားလည်း မဆိုးဘူး။ ဒါပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဗီလာရီးယဲလ်သရေလောက် ရဖို့ရှိတယ်။

ဘက်တစ်-ဘာစီလိုနာ နံနက် ၂း၁၅ (၁၁-၁၁-၂၀၁၃)

ဘာစီလိုနာဟာ အခုနောက်ပိုင်းဂိုးသွင်းခြေမငြိမ်ဘူး။ မက်ဆီဂိုးပေါက်ပျောက်နေမှုနဲ့ အဆုံးသတ်ပိုင်းအားနည်းလာတယ်။ချန်ပီယံလိဂ်ကြောင့်လည်း ပွဲပန်းနိုင်တယ်။ ဒါပေမယ့် ဘက်တစ်ကလည်း တန်းဆင်းဇုန်အတွင်း ရောက်နေတယ်။ ယူရိုပါလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်တယ်။ ဘာစီလိုနာ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရမယ်။

ရှိုင်းမင်းမင်း

စပိန်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဒယ်ဘိုစကေးဆန္ဒရှိနေ

အသက်(၆၂)နှစ်အရွယ်ရှိ စပိန်နည်းပြဒယ်ဘိုစကေးသည် စပိန်အသင်းအား ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ပြီးနောက် စပိန်အသင်းနည်းပြအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ရည်ရွယ်၍ လက်ရှိစာချုပ်သက်တမ်းကို ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စပိန်နည်းပြဒယ်ဘိုစကေးသည် လာမည့်နှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် ၎င်း၏ စပိန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၎င်းအား စပိန်နည်းပြအဖြစ် စာချုပ်သက်တမ်းတိုး၍ ဆက်လက်ခန့်ထားရန် မျှော်လင့်ထားခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးသည် ၂၀၀၈ ခုနှစ်တွင် စပိန်နည်းပြတာဝန်ကို စတင်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယင်းအချိန်က စပိန်နည်းပြတာဝန်ယူခဲ့ခြင်းကြောင့် ၎င်းအတွက် အဆိုးရွားဆုံးအချိန်အဖြစ် လူတိုင်း၏ သတိပေးပြောကြားခြင်းကို ခံခဲ့ရသော်လည်း ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အကောင်းဆုံးအချိန်ဟု သတ်မှတ်ထားခဲ့ကြောင်း ဒယ်ဘိုစကေးက ပြောကြားခဲ့သည်။

ထို့အပြင် စပိန်အသင်းသည် ကမ္ဘာတွင်အကောင်းဆုံးအသင်းဟု ထင်ထားခဲ့ခြင်းမရှိခဲ့သော်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိထားခြင်းကြောင့်သာ စပိန်အသင်းကို ဆက်လက်ကိုင်တွယ်ခွင့်ရရှိရန် မျှော်လင့်ထားခဲ့ခြင်းဖြစ်ကြောင်း ဒယ်ဘိုစကေးက ဆိုသည်။

ဂျူဗင်တပ်တိုက်စစ်မှူး လော်ရန်တီအား ခေါ်ယူရန် အာဆင်နယ်ပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ဂျူဗင်တပ်တိုက်စစ်မှူး လော်ရန်တီအား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပစ်မှတ်ထားနေသည့်အပြင် အေစီမီလန်တိုက်စစ်မှူး အီရှာရာဝီကိုပါ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

ပရီမီယာလိဂ်အမှတ်ပေးဇယားကို လက်ရှိဦးဆောင်နေသည့် အာဆင်နယ်အသင်းသည် ပထမဦးစားပေးအနေဖြင့် ဂျူဗင်တပ်တိုက်စစ်မှူးလော်ရန်တီအား စိတ်ဝင်စားနေခြင်းဖြစ်ပြီး ၎င်းအား မခေါ်ယူနိုင်မှသာ အီရှာရာဝီအား ခေါ်ယူမည်ဖြစ်သည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်၊ တိုက်စစ်မှူးဟီဂူအင်၊ ဂျိုးဗီတစ်နှင့် မန်ယူတိုက်စစ်မှူး ရွန်းနီတို့အား စိတ်ဝင်စားခဲ့သော်လည်း မန်ယူအသင်းအနေဖြင့် ရွန်းနီအားရောင်းချရန်မရှိသည့်အပြင် လီဗာပူးအသင်းကလည်း ဆွာရက်ဇ်အား ရောင်းချခဲ့ခြင်းမရှိခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား အိုဇေးလ်ကိုသာ ခေါ်ယူနိုင်ပြီး လက်ရှိတွင် တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်ရန် ဂျူဗင်တပ်တိုက်စစ်မှူး လော်ရန်တီအား ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။



ငွေကြယ်







မော်တော်ယာဉ် မဆင်မခြင် မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား

ပခုက္ကူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီခွဲတွင် ဒုရဲအုပ်ကျော်ဇင်ဦး တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မြိုင်လမ်းနှင့် မြို့ရှောင်လမ်းဆုံအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသဖြင့် နယ်ထိန်းရဲတပ်ကြပ်ကြီးဇော်ဝင်းဗိုလ်၊ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးရဲတပ်ကြပ်ကြီးယဉ်ထွေး၊ ယာဉ်ထိန်းရဲတပ်ကြပ် ဇော်မင်းတို့နှင့်အတူ အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက် မြိုင်လမ်းနှင့် မြို့ရှောင်လမ်းဆုံအနီး တြိဂံလမ်းလယ်ကျွန်းပေါ်တွင် ၈ဂ/--- လိုက်ထရပ်အဖြူရောင်ကားမှာ ဘေးတိုက်လဲကျနေပြီး ယင်းတြိဂံလမ်းလယ်ကျွန်း၏ တောင်ဘက်လမ်းတွင် ၇င/--- တိုယိုတာကရောင်းအဖြူရောင်ကားမှာ ခေါင်းပိုင်းဝဲဘက်နှင့် နောက်ပိုင်းဝဲဘက်တို့ ပိန်ချိုင့်ပျက်စီးနေသည်ကို တွေ့မြင်ခဲ့ရသည်။

ဆက်လက်စုံစမ်းစစ်ဆေးရာ ယာဉ်မောင်းဇာနည်ထွေးမောင်းနှင်လာသည့် လိုက်ထရပ်ကားသည် ပခုက္ကူစက်မှုဇုန်မှ ညောင်ဦးသို့ ပြန်ရန်အတွက် မြို့ရှောင်လမ်းအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် ယာဉ်မောင်းနေမျိုးသော် မောင်းနှင်လာသည့် တိုယိုတာကရောင်းကားမှာ နာရေးလိုက်ပို့ပြီး မြိုင်လမ်းအတိုင်း ပခုက္ကူမြို့တွင်းသို့ မောင်းလာသည်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းနှစ်ဦးနှင့် ယာဉ်ပေါ်ပါသူ ဒေါ်ခင်မာညိုတို့ ဒဏ်ရာအသီးသီးရရှိခဲ့ကြသဖြင့် ပခုက္ကူဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ဖြစ်၍ မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဇာနည်ထွေး(၃၆)နှစ် ဆန်တန်းရပ် ညောင်ဦးမြို့ မန္တလေးတိုင်းဒေသကြီးနေသူအား ပခုက္ကူရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ကုန်စည်ပြပွဲအတွက် ပြင်ဆင်သူ လုပ်သားတစ်ဦး ၁၅ ပေအမြင့် သံမဏိငြမ်းမှ ပြုတ်ကျ

ရန်ကုန် နိုဝင်ဘာ ၅

မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ဝင်းအတွင်း၌ ကုန်စည်ပြပွဲအတွက် ယာယီအဆောက်အအုံအား ပြင်ဆင်ရေးအဖွဲ့က ပြင်ဆင်နေစဉ် ငြမ်းပေါ်မှ အလုပ်သမားတစ်ဦး ပြုတ်ကျခဲ့သဖြင့် အလုပ်သမားနှစ်ဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် ည ၈ နာရီခန့်က မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ဝင်းအတွင်း၌ မကြာမီကျင်းပမည့် ကုန်စည်ပြပွဲအတွက် ပြင်ဆင်ရေးအဖွဲ့က ယာယီ(သံဖရိန်)အဆောက်အအုံအား ပြင်ဆင်ဆောက်လုပ်နေစဉ်**(အပေါ်ပုံ)** အလုပ်သမား နေမျိုးအောင်(၂၂)နှစ် အိုရင်းရွာ ငါ့သရောက်မြို့နယ်နေသူသည် အမြင့် ၁၅ ပေခန့်ရှိ သံမဏိငြမ်းပေါ်မှ ခြေချော်ပြီးပြုတ်ကျခဲ့ရာ ဝဲပေါင်ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကာ ၎င်းအောက်တွင် ငြမ်းအားရွှေ့ပြောင်းပေးသူ မြင့်ကိုကို(၃၅)နှစ် ကျန်စစ်သားအိမ်ရာ (၆)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူမှာ ငြမ်းသံချောင်းဖြင့် ရိုက်မိပြီး ညာခြေထောက် ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် အဆိုပါပြင်ဆင်ရေးအဖွဲ့၏ တာဝန်ရှိသူများက ဝိတိုရိယဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး ယင်းဆေးရုံကြီးမှ တစ်ဆင့် အလုံမြို့နယ် အကယ်ဒမီဆေးရုံကြီးသို့ လွှဲပြောင်း၍ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

(၀၁၇)

လူကုန်ကူးမှုအများဆုံးနေရာဖြစ်သော စဖန်းပါလေ့ဆိပ်အနီးနှင့် ကျဲဝလန်ငါးရံ့မွေးမြူရေးကန်အတွင်းရှိ ဧရိယာအတွင်း တစ်ရက်တည်း မြန်မာသုံးဦး သေဆုံး

ဗန်ကောက် နိုဝင်ဘာ ၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ဘက် ၈၁ ကီလိုမီတာကွာဝေးသော ခြံဘူလီမြို့နယ်ရှိ လူကုန်ကူးမှုအများဆုံးနေရာဖြစ်သော စဖန်းပါလေ့ဆိပ်အနီးတွင် အောက်တိုဘာ ၃၁ ရက်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့၏ဆက်သွယ်ပြောပြချက်အရသိရသည်။

ဖြစ်စဉ်မှာ စဖန်းပါလေ့ဆိပ် ဆိုင်အမှတ် (၆၉/၁၇)အရက်နှင့် ခေါက်ဆွဲဆိုင်ရှေ့တွင် အသက်(၃၅)နှစ်ခန့် (အမည်မသိ) မြန်မာလူမျိုးမွန်အမျိုးသား တစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်းသိရပြီး နယ်မြေခံထိုင်းရဲများ၏ စစ်ဆေးချက်အရ ကာရာအိုကေဆိုင်တစ်ခုမှ မိန်းကလေးတစ်ဦးအား ကမ္ဘောဒီးယားနိုင်ငံသား သုံးဦးနှင့် မြန်မာလူမျိုးမွန်အမျိုးသား သုံးဦးတို့ အကြိုက်ချင်းတူကြရာမှ အရက်ဆိုင်အတွင်းအငြင်းပွား၍ အုပ်စုဖွဲ့ရန်ဖြစ်ခဲ့ကြခြင်းဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံသားအုပ်စုက သံတုတ်ဖြင့်ရိုက်၊ ဓားဖြင့်ထိုးပြီး လေ့ဆိပ်ဘက်သို့ ထွက်ပြေးသွားခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် လူသတ်မှုကျူးလွန်သူ အသက်(၂၀)အရွယ် ကမ္ဘောဒီးယားနိုင်ငံသား နိုင်အိဒနာအား နှစ်နာရီခန့်အကြာတွင် ထိုင်းရဲများက ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရပြီး ၎င်းကိုယ်တိုင်က ဝန်ခံထွက်ဆိုကြောင်း၊ ထိုင်းနိုင်ငံရှိ ထိုင်းရပ်သတင်းဌာနတွင် ဖော်ပြထားကြောင်း သိရသည်။

အလားတူ ယင်းနေ့၌ပင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ကီလိုမီတာ ၁၁၀ တွင်ရှိသော စူဖန်ဘူလီမြို့နယ်အတွင်းရှိ ဘန့်နောင်စူပိုင်းခြားနယ်မြေ အမှတ် (၁) စဖန်လန်ရပ်ကွက် အူထောင်းမြို့ရှိ ကျဲဝလန်ငါးရံ့မွေးမြူရေးကန်အတွင်းရှိ ဧရိယာအတွင်းတွင် လူသတ်မှုဖြစ်ပွားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များ လာရောက်စစ်ဆေးသောအခါ အရက်ပုလင်းကွဲ၊ သွေးများ၊ သံတုတ်နှင့် သစ်သားတစ်ချောင်းရရှိပြီး ရင်ဘတ်တွင် ဓားဒဏ်ရာဖြင့် လူနှစ်ဦး သေဆုံးနေကြောင်း သိရသည်။

အဆိုပါနေရာနှင့် နီးစပ်ရာများမှထွက်ဆိုချက်အရ သေဆုံးသွားသူများမှာ မြန်မာနိုင်ငံသား မောင်ခင်ဝင်း အသက်(၄၀)နှစ်နှင့် မောင်ခရေဝင်း အသက်(၄၅)နှစ်တို့ဖြစ်ကြကြောင်း သိရသည်။

(စိုးဝင်း-MLA)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိုးမြင့်-ဒေါ်မာမာဝင်းတို့၏ တစ်ဦးတည်းသောသား

မောင်ဇာနည်ထက်

M.Sc(Project Management) (University of Sunderland,UK)

နှင့်

စင်ကာပူနိုင်ငံနေ
ဦးမျိုးမြင့်အောင်-ဒေါ်ဝင်းကြည်တို့၏သမီး

ဒေါက်တာယဉ်မွန်အောင်
M.B.,B.S(Ygn)

Myanmar Eye Centre, Pun Hlaing Hospital, Yangon

တို့၏ ၂၉-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)တွင် သံဃတက္ကသိုလ်(ပြည်တွင်းပြည်ပသာသနာပြုဌာန)၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၁-၁၁-၂၀၁၃ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်သံဃမဟာနာယကကျောင်းတော်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂-၁၁-၂၀၁၃ရက်(စနေနေ့)တွင် Chatrium Hotel(Mandalay)ခန်းမ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်အေးသန်းအားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးမျိုးကျော်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်နုနုစိန်၊ ဒေါက်တာစစ်နိုင်(မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး၊ မာရီစတုတ်အင်တာနေရှင်နယ်အဖွဲ့အစည်း)နှင့်ဇနီး ဒေါက်တာဒေါ်မိုးမိုးစမ်း[ဘွဲ့လွန်ကထိက၊အထူးကုဆရာဝန်ကြီး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]တို့အားလည်းကောင်း၊ ကြွရောက် ချီးမြှင့်ပေးပါသော ဒေါက်တာ ဦးညွှန့်သိန်း[အငြိမ်းစားပါမောက္ခဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်]နှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၁၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် Chatrium Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ထုဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန်ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့၏မိသားစုဝင်များ၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်ကြူးနှင့်ဇနီး ဒေါ်မာမာလှ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ ကော်မတီဝင်နှင့်ဇနီး၊ ဌာနမှူးများနှင့်ဇနီးများ၊ အရာရှိများနှင့်ဇနီးများ၊ Myanmar Eye Centre(Pun Hlaing Hospital)နှင့် Mascots Healthcare မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာဝန်ကြီးများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့်ဇနီး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဌ ဦးအောင်ထွန်းနှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာရွှေပန်းငွေပန်းကြဲပေးပါသော မနှင်းလဲ့ရည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာခိုင်ဦးမွန်၊ သတို့သားအရံများဖြစ်ကြသော ဒေါက်တာစည်သူနှင့် ကိုမင်းသက်တင်၊ သတို့သမီးအရံများဖြစ်ကြသော မစန်းစန်းဝေနှင့် ဒေါက်တာခင်ဦးမွန်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်နှင်းရီသန့်၊ ရတနာများဆင်မြန်းပေးပါသော ဦးအောင်ဝေနှင့်ဇနီး ဒေါ်နီလာထွေး၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်ပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ ဓာတ်ပုံဗီဒီယို Exposure မှ နိုင်နိုင်ထွန်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ Designerကိုလင်း၊ Chatrium Hotel မှ မန်နေဂျာနှင့်တာဝန်ရှိသူများ၊ ၃-၁၁-၂၀၁၃ရက် ညနေတွင် Western Park Royal၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော သူငယ်ချင်းများနှင့်ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော သူငယ်ချင်းမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ဇာနည်ထက်-ဒေါက်တာယဉ်မွန်အောင်

မင်္ဂလာဦးဆုမွန်

မောင်ဇာနည်ထက် နှင့် ဒေါက်တာယဉ်မွန်အောင်တို့၏ ၃-၁၁-၂၀၁၃ ရက် မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့သောဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမောင်မောင်-ဒေါ်ခင်နှင်းရည်
တရားလွှတ်တော်ရှေ့နေများ

(၁၁)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ခင်လေးစားရပါသော

ဦးမျိုးဝင်းလတ်–ဒေါ်အိအိလှိုင်တို့၏ ၆-၁၁-၂၀၁၃ရက်တွင် ကျရောက်သော (၁၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်နှင့်ခန္ဓာ ကျန်းမာ၊ ချမ်းသာပြီး နှစ်(၁၂၀)တိုင် ကြည်နူးသာယာ အေးချမ်းစွာဖြင့် ပျော်ရွှင်သော မိသားစုဘဝ တိုးတက်အောင်မြင်သော အလုပ်အကိုင်များကို ဝန်ထမ်းများနှင့်အတူ ပိုင်ဆိုင်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

S.S.I မှ စက်ရုံမှူးနှင့်ဝန်ထမ်းများ

အရန်မီးသတ်သင်တန်းဆင်း

ပျဉ်းမနား နိုဝင်ဘာ ၅

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း (မွမ်းမံ)ဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး နေပြည်တော်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ ကြောင်းသိရသည်။

(ကိုကိုနေ-ပျဉ်းမနား)

တန်ဆောင်မုန်းလ ဖိုဝင်းတောင်လှည်းဝိုင်းယဉ်ကျေးမှုပွဲတော်

သဘာဝမပျက် ရှေးဟောင်းယဉ်ကျေးမှုအနုပညာများ တည်ရှိရာ ဖိုဝင်းတောင်သာသနာ့နယ်မြေ၏ ဗုဒ္ဓပူဇနိယပွဲတော်ကိုမုံရွာမြို့နယ် မိုးညှင်းသမ္ဗုဒ္ဓေဘုရားပွဲတော်နှင့် တစ်ရက်တည်းဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ဖိုဝင်းတောင်ပွဲသည် ဗုဒ္ဓပူဇနိယပွဲတော်လည်းဖြစ်၊ ဖိုဝင်းရှင်မယ်တော်ကြီး (ဖိုဝင်းရှင်မ)ကို ဆိုင်ရာများက ပသရသည့် ဘုရားဖူးနတ်တက်ပွဲအဖြစ် ကျင်းပလေ့ရှိပြီး မန္တလေး၊ ရန်ကုန်နှင့်မုံရွာဝန်းကျင်တို့မှ ဘုရားပွဲလာညှော့သည်များသည် တန်ဆောင်မုန်းလပြည့်နေ့တွင် နေ့ချင်းပြန်လာရောက်ကြသည်ကများပြီး ညအိပ်ညဉ့်နေ ဘုရားပွဲလာသူများမှာ ဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ်များအတွင်းရှိ ကျေးရွာများမှ ဖြစ်သည်။ အဆိုပါ မြို့နယ်နှစ်မြို့နယ်အတွင်းရှိ ထန်းပု၊ ထန်းစင်၊ ကျေးပင်ဖူး၊ ဖောင်းကတာ၊ မကျီးတစ်ထောင်၊ ရေခါးစသည့် ကျေးရွာများမှ နှစ်စဉ်အစဉ်အလာမပျက် ရွာလုံးကျွတ်လာကြခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါကျေးရွာများမှဖိုဝင်းတောင်ပွဲသို့ နှစ်စဉ် ယခင်က တန်ဆောင်မုန်းလဆန်း၈ ရက်တွင်အရောက်လာခဲ့ကြရာမှ ယခုအခါ လဆန်း ၁၂ ရက်မနက် ဝေလီဝေလင်းအချိန် ရွာမှထွက်လာကြကြောင်း၊ ထိုသို့လာရောက်ကြရာတွင် နွားလှည်းများအပြင် ထော်လာဂျီ၊ ဆိုင်ကယ်ကိုယ်စီဖြင့် လာကြသူများလည်းရှိသည်။

ယခင်ကလှည်းဝိုင်းပွဲ နေရာတွင် ရွက်ဖျင်တဲများ ထိုးနေကြပြီး နောက်ပိုင်းတွင် ကားသမား၊ ထန်းလျက်သမားများက မိုးကာများသုံး၍ တဲထိုးနေကြသည်။ တချို့မှာ ချင်းတွင်းမြစ်နှင့် နီးသောကြောင့် လှေသမားများ၏ ရွက်ဖျင်များကိုယူလာပြီး နှင်းလုံရုံ အမိုးလုပ်နေကြသည်ကိုတွေ့ ရမည်ဖြစ်သည်။ဖိုဝင်းတောင်လာ လှည်းဝိုင်းများသည် တန်ဆောင်မုန်းလပြည့်နေ့ မနက်ဝေလီဝေလင်းအချိန်တွင် တဲများဖျက်၊ အထုပ်များစည်းကာ ပြန်ရန်ဟန်ပြင်ကြပြီဖြစ်သည်။ နံနက် ၆ နာရီ ၇ နာရီ ဝန်းကျင်တွင် လှည်းတစ်စီးနှင့်တစ်စီး အော်ဟစ်နှုတ်ဆက်သံ၊ စကားပြောသံ၊ လှည်းဘီးနှင့်ကျောက်လမ်းကြိတ်သံများသည် ဖိုဝင်းတောင်ဒေသ၏ တစ်နှစ်တစ်ခါကြားနေကြအသံများဖြစ်ပြီး နေရပ်အသီးသီးသို့ ပြန်သွားကြသူများသည် နောင်နှစ်သည်နေရာ၊ သည်အချိန်တွင် ပြန်ဆုံကြဦးမည်ပင်ဖြစ်သည်။

ထို့ကြောင့် ဆုံနေကျလှည်းဝိုင်းယဉ်ကျေးမှုကိုလေ့လာလိုသူ ရပ်နီးရပ်ဝေး ဘုရားပွဲလာပရိသတ်များနှင့် နိုင်ငံခြားဧည့်သည်များ အနေဖြင့် တန်ဆောင်မုန်းလမပြည့်ခင် လဆန်း ၁၀၊ ၁၁၊၁၂၊၁၃၊၁၄ရက်များတွင် လာရောက်လေ့လာမှသာ လှည်းဝိုင်းယဉ်ကျေးမှုကိုမြင်တွေ့ခွင့်ရရှိကြမည်ဖြစ်ပြီး လာရိုးလာစဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် လာရောက်လျှင် လှည်းဝိုင်းများကို မြင်တွေ့နိုင်ခြင်း မရှိတော့ကြောင်း သတိပြုရမည်ဖြစ်သည်။

(မျိုးဝင်းထွန်း - မုံရွာ)

ကမ်းလက်များ စာကြည့်တိုက် ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်တွင် စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စာဖတ်သော အလေ့အထများဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဉာဏသိဒ္ဓိရပ်ကွက်ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် စာပေဝါသနာရှင်များ စုပေါင်းကာ "ကမ်းလက်များ" စာကြည့်တိုက်ကို နိုဝင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

"ကမ်းလက်များ" စာကြည့်တိုက်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၃၃၂၁) အနီး၌ ဖွင့်လှစ်ထားရှိပြီး တနင်္လာနေ့မှအပ ကျန်ရက်များတွင် နေ့စဉ် ညနေ ၅နာရီခွဲမှ ည ၈နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်းနှင့်စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းလိုပါက မော်တော်ယာဉ်ဖြင့် အလှူရှင်ထံသို့ လာရောက်သယ်ဆောင်၍ လက်ခံပေးမည်ဖြစ်ပြီး ဦးဝင်းမြတ်ကျော် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၄၀၂၇၄၄၁၊ ဦးခိုင်ထွန်း အတွင်းရေးမှူး ဖုန်း-၀၉-၄၂၀၇၃၈၉၅၈၊ ဦးထွန်းထွန်းနိုင် စာကြည့်တိုက်မှူး ဖုန်း- ၀၉-၃၁၅၈၄၁၇၄၊ ဦးမင်းမင်းလတ် နေပြည်တော်သတင်းထောက် ဖုန်း-၀၉-၄၂၀၇၃၇၂၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကိုကိုရှူပ-နေပြည်တော်)

အမည်မှန်

နောင်ချိုမြို့ အထက အဌမတန်း(ခ)မှ မစုသဇ္ဈာဦး၏ အမည်မှန်မှာ မစုသဇ္ဈာဦး ဖြစ်ပါကြောင်း။

မစုသဇ္ဈာဦး

သွေး

သည် အသက်

အစိုးရ/လူမှုရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော

(၁) တာယာ(၁၆၆၆လုံး)၊ (၂) ဘက်ထရီ(၃၀၉ လုံး)၊ (၃) ပိုဇိုလန်အိတ်ခွံ(၃၄၄၁လုံး)၊ (၄) ပီပါခွံ(၂၀၀လုံး)၊ (၅) ဘိလပ်မြေအိတ်ခွံ (အကောင်း ၉၀၀၀၀လုံး)၊ (၆) ဘိလပ်မြေအိတ်ခွံ (အပျက် ၂၀၀၀၀လုံး)၊ (၇) Stator Sheet (၄၃၃၈၆ ချပ်)၊ (၈) စက်အရန်ပစ္စည်း(၁၀Lot)တို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်နေ့မှစ၍ စတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပိတ်ရက် - ၃-၁၂-၂၀၁၃ ရက်၊ (အင်္ဂါနေ့)၊ ၁၂း၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်များနှင့်လေလံပုံစံအား ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၄၁၊ ၄၁၁၂၁၁ သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၉-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၁-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့
တယ်လီဖုန်း-၀၈၁-၂၁၂၁၁၀၄

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့မျက်စိရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁၁-၂၀၁၃ရက်(သောကြာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇



မြန်အောင်၌ အရန်သားဖွားသင်တန်းဖွင့်လှစ်

မြန်အောင် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက သင်တန်းကာလအတွင်း သင်ကြားပေးသော ကျန်းမာရေးဘာသာရပ်များကို သေချာလေ့လာသင်ယူပြီး မိမိတို့ရပ်ရွာတွင် လက်တွေ့အသုံးချနိုင်ရန် သင်ယူကြရန်နှင့် သင်တန်းသူအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းထိန်က သင်တန်းတွင် သားဖွားပညာတစ်ခုတည်းမဟုတ်ဘဲ မိမိရပ်ကွက်/ကျေးရွာများတွင် ဆောင်ရွက်ရမည့်ကျန်းမာရေးစောင့်ရှောက်မှု အသိပညာများကို မြို့နယ်ဆေးရုံတွင် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရန်သားဖွားသင်တန်းကို မွေးကင်းစကလေး သေဆုံးမှုနှုန်း၊ အသက်တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းနှင့် အသက် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းများ ကျဆင်းစေရန်၊ မိခင်သေဆုံးမှုနှုန်း ကျဆင်းစေရန်နှင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသူ ၃၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ဝင်းဗိုလ်-မြန်/ဆက်)**

ပဲခူး၌ ဥပဒေနှင့် မှုခင်းပညာပေးဟောပြော

ပဲခူး နိုဝင်ဘာ ၅

ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ မြို့တော်ခန်းမတွင် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ဥပဒေနှင့် မှုခင်းပညာပေးဟောပြောပွဲအခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီးမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်မောင်သန်းက လူ့ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော မှုခင်းဖြစ်ရပ်များ ကျဆင်းစေရန် တပ်ဖွဲ့တစ်ခုတည်းကသာ လုပ်ဆောင်၍မရ၊ ပြည်သူတစ်ရပ်လုံးပါဝင်မှသာ မှုခင်းများကျဆင်းနိုင်မည်ဖြစ်ကြောင်းနှင့် ကျောင်းသား၊ လူငယ်၊ ပြည်သူများ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိစေရန်အတွက် အများနှင့်သက်ဆိုင်သောနေရာများတွင် ပိုစတာ၊ ဆိုင်းဘုတ်များ တပ်ဆင်၍ ပညာပေးမှုများပြုလုပ်နေသလို လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက်လည်း အသိပညာပေးဟောပြောပွဲများ ကျင်းပနေရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သုတ(ပဲခူး)

ရန်ကုန်အနောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုကိုရှင်းပေးမည့် ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်မှု ပြီးစီးရန် ၂၅ ရာခိုင်နှုန်းသာလို

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ခရမ်းစိုးမြင့်

ရန်ကုန်အနောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုတစ်စိတ်တစ်ပိုင်းကို ဖြေရှင်းပေးမည့် ဘုရင့်နောင်တံတား အမှတ်(၂)ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိရာ တံတားတစ်စင်းလုံးပြီးစီးရန် ၂၅ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

ဘုရင့်နောင်တံတားအမှတ် (၂) သည် ရန်ကုန်မြို့တော်အနောက်ပိုင်း လှိုင်မြစ်ပေါ်ရှိ မူလရှိပြီးဖြစ်သည့် ဘုရင့်နောင်မြစ်ကူးတံတားကြီးနှင့် ပေ ၂၀၀ အကွာ လှိုင်မြစ်ပေါ်တွင်ဖြစ်ပြီး တံတားတစ်စင်းလုံး အရှည်ပေမှာ ၄၁၀၄ ဒသမ ၅၃ ပေရှိပြီး ချဉ်းကပ်တံတား (လှိုင်သာယာဘက်ကမ်း)အရှည်ပေမှာ ၁၆၇၇ ဒသမ ၁၃၄ ပေနှင့် ချဉ်းကပ်တံတား (မရမ်းကုန်း ဘုရင့်နောင်ဘက်ကမ်း) အရှည်ပေမှာ ၈၁၉ ဒသမ ၃၆၄ ပေရှည်သည်။

ချဉ်းကပ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်း လေးခုရှိသည့်အနက် လုပ်ငန်းသုံးခုမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ Overlay လုပ်ငန်းပိုင်းတွင် ဘုရင့်နောင်ဘက်ကမ်း၌ ၁၀ ခန်းရှိသည့်အနက် ကိုးခန်းမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပြီး တစ်ခန်းသာ ဆောင်ရွက်ရန်လိုတော့သည်။ လှိုင်သာယာဘက်ကမ်း၌ Overlay လုပ်ငန်း အခန်း ၂၀ ရှိသည့်အနက် ၁၆ ခန်းမှာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပြီး လေးခန်းသာကျန်တော့သဖြင့် နှစ်ဖက်ချဉ်းကပ်တံတားများမှာ ၈၀ ရာနှုန်း ပြီးစီးနေပြီး အပြီးသတ်ဆောင်ရွက်ရန် ၂၀ ရာခိုင်နှုန်းသာ ကျန်တော့သည်ဟု တံတားစီမံကိန်းကြီး အထူးအဖွဲ့(၅)မှ တာဝန်ရှိအင်ဂျင်နီယာမှူး တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ အနောက်ပိုင်းတွင် မြန်မာတစ်ပြည်လုံးနှင့် ဆက်သွယ်နေသည့် ဘုရင့်နောင်ပွဲရုံများ၊ လှိုင်သာယာဘက်ကမ်းရှိ စက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံများ၊ တိုးတက်လာသောလူဦးရေများ၊ တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများရှိနေသဖြင့် ခရီးသည်တင်ယာဉ်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေး ယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်များ အများဆုံးဝင်ထွက်သွားလာသောနေရာ ဖြစ်သောကြောင့် ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်ပေါ်နေသော နေရာဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးစေရန် ဘုရင့်နောင်လမ်းဆုံ၌ နှစ်ထပ်ခုံးကျော်တံတား တည်ဆောက်ပေးလျက်ရှိသလို လှိုင်မြစ်ကိုဖြတ်၍ ဘုရင့်နောင်တံတားအမှတ် (၂)ကို တည်ဆောက်နေခြင်းဖြစ်သည်။

တံတားအမျိုးအစားနှင့် တံတားအောက်ခြေမှာ Bore Pile & R.C.D ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်တံတားဖြစ်သည်။ တံတားပေါ်၌ ၄၈ ပေ အကျယ် ယာဉ်လေးလမ်းသွား ပါဝင်မည်ဖြစ်ပြီး လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေ၊ တံတားအောက် ရေလမ်းကင်းလွတ် အကျယ်ပေ ၃၇၀ နှင့် ရေလမ်းကင်းလွတ် အမြင့်ပေ ၃၆ ပေနှင့် တံတားခံနိုင်ဝန်မှာ မော်တော်ယာဉ် တစ်စီးချင်း ၇၅ တန်ဖြစ်သည်ဟု သိရသည်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083(2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084(2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085(2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086(2013-2014)	27/8”x6.5lb/ft J55 EUE Tubing	(5000)Mtr	US$
(၅)	IFB-087(2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6)Items	US$
(၆)	IFB-088(2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5)Items	US$
(၇)	IFB-089(2013-2014)	Skid Mounted Single Pump Cementing Unit(With Engine Driven)	(1)Unit	US$
(၈)	IFB-090(2013-2014)	Welding Machine(400AMP)Mobile Type Diesel Engine Driven	(3)Units	US$
(၉)	IFB-091(2013-2014)	Portable Welding Machine & Accessories(200AMP DC)	(4)Units	US$
(၁၀)	IFB-092(2013-2014)	BOP Control Accumulator Unit	(1)Set	US$
(၁၁)	IFB-093(2013-2014)	6x8 R Mixing Pump	(3)Sets	US$
(၁၂)	IFB-094(2013-2014)	Stirred Fluid Loss Cell(Model-7120)	(1)Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light(Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil(PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5 KW Diesel Engine Driven Generating Set(3)Sets & 5HP 3Phase Induction Motor(1)No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပျောက်ဆုံးခြင်း

ကျွန်တော်ဦးအောင်ကြည်အေး[၁၄/ဘကလ(နိုင်)၁၆၂၇၃၃]ကိုင်ဆောင်သော ပွဲနင်းမှူးလက်မှတ် 0466/11 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၄၁၀၆

ပျောက်ဆုံး

ကျွန်တော်ဦးအောင်ဇေယျ[၁၂/မဂတ(နိုင်)၀၃၅၄၁၈]၏ ကားအုံနာဘုတ် ၃၁၆၄၁၆၁၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၅၆၄၇၁၄

CAR RENTAL SERVICE

SALOON/ WAGON/MINIBUS

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၄)လမ်း၊ တိုက်(၅)၊ အခန်း(A-2)၊ ထပ်ခိုးထပ်(ပထမထပ်)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စံပယ်ရွှေ[၁၂/မရက(နိုင်)၀၀၃၃၆၅]+တပ်ကြပ်ကြီး စိုးဝင်း[၇/သဝတ(နိုင်)၀၀၆၇၈၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေကလျာစိုး[၃/ဘအန(နိုင်)၁၂၅၅၄၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မေကလျာစိုး
[၃/ဘအန(နိုင်)၁၂၅၅၄၅]

ညွှန်ကြားချက်အရ-
ဒေါ်သိမ့်သိမ့်ထွန်း
LL.B;M.A (Business Law);DB.L;D.M.L
ဥပဒေအကြံပေးနှင့်အထက်တန်းရှေ့နေ(စဉ်-၃၄၃၇၇)
ဖုန်း-၀၉-၇၃၁၃၇၅၉၅

အင်ပင်တိုက်နယ်ဆေးရုံတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

မြန်အောင် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ အင်ပင်တိုက်နယ်ဆေးရုံကို မတည်အလှူရှင်ဖြင့် တည်ဆောက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းပမာဏ ၉၀ ရာခိုင်နှုန်း ခန့်ပြီးစီးနေပြီဖြစ်သည်။

အင်ပင်ကျေးရွာသည် မြန်အောင်မြို့နယ်နှင့် ၁၈ မိုင် ကျော်ဝေးကွာသဖြင့် ဒေသခံများ၏ကျန်းမာရေး အရေးပေါ် အခြေအနေများအား အချိန်တိုအတွင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးရုံတည်ဆောက်ရန် မိသားစုတစ်စုက ငွေကျပ်သိန်း ၃၀၀ မတည်လှူဒါန်းပြီး ကျန်အလှူငွေများကို ဒေသခံအလှူရှင်များက ထည့်ဝင်ပြီးဆောင်ရွက်လျက်ရှိသည်။ ဆေးရုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးကျော်ကျော်ဦးက ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိရာ ငွေကျပ်သိန်းတစ်ထောင်ကျော် ကုန်ကျမည်ဟုခန့်မှန်းထားကြောင်း၊ ယခုအခါ ဆေးရုံပင်မဆောင်၊ ခွဲစိတ်ခန်းနှင့် ရင်ခွဲရုံတို့ပြီးစီးပြီဖြစ်ကြောင်း ဓာတ်မှန်ဆောင်၊ သံဃာဆောင်၊ ဝန်ထမ်းအိမ်ရာတို့ကိုလည်း ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(နေဝင်းဇော်-မြန်အောင်)**

တောင်တွင်းကြီးမြို့နယ်ရှိ ကန်ချောင်းတံတား ရေစီးနှင့်မျောပါ

တောင်တွင်းကြီး နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အင်ကြင်းကုန်းအုပ်စုအတွင်းရှိ ဥက္ကလာပ၊ စည်ပင်သာယာ၊ ပျားစီးပင်၊ မြင်းစု၊ သံပုရာကျင်း၊ စမုံရွာသစ်၊ ကိုးပင်ကျေးရွာတို့မှ ဒေသခံပြည်သူ ၃၅၀၀ ကျော်တို့ နေ့စဉ်သွားလာနေသည့် မကွေး-တောင်တွင်းကြီး ကားလမ်းမကြီးနှင့် ဥက္ကလာပ၊ စည်ပင်သာယာကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကန်ချောင်းတံတားသည် အောက်တိုဘာ ၂၈ ရက်က ရေစီးနှင့်မျောပါသွားသည်။

အောက်တိုဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ တောင်တွင်းကြီးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် အဆိုပါကန်ချောင်းတံတား၏ ဘေးနံရံဘဲတောင်များ၊ ကျောက်ခဲများမှာ အလျား ပေ ၂၀၊ အနံ ၁၆ ပေ၊ အမြင့် ပေ ၂၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့ပြီး အောက်တိုဘာ ၂၈ ရက် နံနက် ၄ နာရီက ရေစီးနှင့် မျောပါသွားကြောင်း သိရသည်။ ထိုသို့ပျက်စီးသွားသဖြင့် ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲများ ကြုံတွေ့ခံစားနေရကြောင်း ရပ်/ကျေးအထောက်အကူပြုကော်မတီဝင်တစ်ဦး၏ ပြောပြချက်အရသိရသည်။ **(၅၈၀)**

လူမှုရေး/စီးပွားရေးကော်ဖြာ

ပြေးခြင်းရဲ့ ကျန်းမာရေးဆုလာဘ်များ

ပေါက်ပေါက်

ကျန်းမာရေးအတွက်အကောင်းဆုံး လေ့ကျင့်ခန်းတွေထဲမှာ ပြေးခြင်းလည်း တစ်ခုအပါအဝင်ပါ။ အထူးသဖြင့် ခြေထောက်ကြွက်သားများ ကျစ်လျစ်သန်မာလာစေတာကြောင့် အရွယ်ရောက်သူ ကျား၊ မ အားလုံး ပြုလုပ်သင့်တဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။

ပြေးခြင်းရဲ့ ကျန်းမာရေးဆုလာဘ်များကတော့

၁။ ကိုယ်အလေးချိန်ကျစေပါတယ်

ပြေးလွှားခုန်ပေါက်ခြင်းကြောင့် ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားခုန်ပေါက်ရတာကြောင့်လည်း၊ အမြန်ဆုံးနဲ့ အထိရောက်ဆုံး ကယ်လိုရီလောင်ကျွမ်းသွားစေတာမို့ ပိန်ချင်သူများ နေ့စဉ်အပြေးလေ့ကျင့်ခန်းလုပ်ပေးပါ။

၂။ နှလုံးကျန်းမာစေပါတယ်

ပြေးခြင်းကြောင့် သွေးလည်ပတ်မှုအားကောင်းစေပြီး ခန္ဓာကိုယ်အတွက် ခွန်အားများတိုးပွားလာစေပါတယ်။ နှလုံးသွေးလည်ပတ်မှုကောင်းစေတာကြောင့်လည်း နှလုံးသွေးလွှတ်ကြောနဲ့ပတ်သက်တဲ့ ရောဂါတွေကို ကာကွယ်ရာရောက်ပါတယ်။

၃။ အရိုးကျန်းမာစေပါတယ်

အရိုးအကွေးအဆန့် သက်သောင့်သက်သာဖြစ်စေတဲ့အပြင် ခြေထောက်ရိုးများ သိပ်သည်းမှုအားကောင်းစေရုံသာမက အရိုးသန်မာလာစေပါတယ်။

၄။ အဆီကျစေပါတယ်

အဆီပိုတွေ အမြန်ဆုံးကျဆင်းပြီး ခန္ဓာကိုယ် အချိုးအစား ပြေပြစ်လိုသူများအတွက် ပြေးခြင်းက အထိရောက်ဆုံးနဲ့ အကောင်းဆုံးလေ့ကျင့်ခန်းပဲ ဖြစ်ပါတယ်။

၅။ ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားစေပါတယ်

ပြေးလွှားခြင်းက သွေးဖြူဥများနဲ့ ရောဂါပိုးတွေကို ခုခံနိုင်စွမ်းရှိတာကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးစတဲ့ ရာသီပေါ် ကူးစက်ဖျားနာမှုများ အလွယ်တကူမဖြစ်စေတော့ပါဘူး။

၆။ စိတ်ဖိစီးမှုတွေ ပြေပျောက်စေပါတယ်

အရှိန်နဲ့ ပြေးလွှားရတာကြောင့် အလိုအလျောက် အသက်ပြင်းပြင်းရှူကာ အောက်ဆီဂျင်များ ဦးနှောက်ထံ အချိန်တိုအတွင်း ရောက်ရှိသွားစေခြင်းဖြင့် စိတ်ဖိစီးမှုတွေသက်သာသွားပါတော့တယ်။

၇။ ဦးနှောက် အားကောင်းစေပါတယ်

တစ်ကိုယ်လုံး သွေးလည်ပတ်မှု အားကောင်းလာစေတာကြောင့် သွေးထဲမှတစ်ဆင့် ဦးနှောက်ထံသို့သန့်စင်တဲ့အောက်ဆီဂျင်တွေ ရောက်ရှိသွားပါတယ်။ ဦးနှောက်ကိုကောင်းစွာ အလုပ်လုပ်စေကာ မှတ်ဉာဏ်အားများ ကောင်းလာစေပါတယ်။

၈။ အစာကျေညက်စေပါတယ်

အစာကိုကောင်းစွာ ကျေညက်စေတာကြောင့် ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်ကောင်းမွန်လာစေပါတယ်။ အစာအိမ်၊ အူစတဲ့ အစာချေဖျက်မှုလမ်းကြောင်းဆိုင်ရာ ရောဂါဆိုးများ ဖြစ်မလာစေတော့ပါဘူး။

၉။ အရွယ်တင်နုပျိုစေပါတယ်

ပြေးလွှားရခြင်းကြောင့် အရေပြားပေါ်ရှိ ချွေးပေါက်ကလေးတွေကနေ ချွေးများနဲ့ အဆိပ်အတောက်များ ထွက်ရှိလာစေလို့ အသားအရေကြည်လင်စေရုံသာမက အရွယ်တင်နုပျိုလာစေပါတယ်။

၁၀။ အထွေထွေရောဂါများ သက်သာစေပါတယ်

ပြေးခြင်းက ကျန်းမာရေးအတွက် ဘက်စုံကောင်းမွန်စေပါတယ်။ အထူးသဖြင့် ဆီးချို၊ နှလုံး၊ စိတ်ရောဂါတို့ မဖြစ်စေတော့ပါဘူး။

KBZ Bank Account No. 070 12 100 73 733

KING STAR
25000Ks
Internet
Office 2010
D.T.P
Graphic Design
A+ Hardware
Video Editing
AutoCAD 2D,3D

HTET OO MARITIME TRAINING INSTITUTE
Whole Package BST Pre-Sea
CDC / Passport
Coffee
BST (4 Tickets)
Tanker Familiarization Course (T.F)
(Oil, Chemical, Liquefied Gas)
Pre-sea Course (Deck, Engine) - (Onboard Excursion)
Deck Officer Class - 5 (NCV)



Ph: 01-544562, 09 250278274
Ph: 09 421134222

(Sqft)
09-43094949, 09-421100998

Myanmar First License Training
COFFEE BARISTA INSTITUTE
Coffee Barista
Weekend Classes are Opening!
Enroll Now...
Early Birds 30% Off
cosmo World Training Center



ဆိုင်ကယ်တွန်းလာသူအား စစ်ဆေးရာ ဆိုင်ကယ် ၁၅ စီးခိုးမှုပေါ်ပေါက်

မြစ်ကြီးနား နိုဝင်ဘာ ၅

အောက်တိုဘာ ၂၀ ရက် ည ၈ နာရီက မြစ်ကြီးနားမြို့ မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်သက်ဇော်ဦးနှင့်တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးအရ ဆောင်ရွက်နေစဉ် စီတာပူရပ်ကွက် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း ဘေးလမ်းအတိုင်း လူငယ်တစ်ဦး သော့မပါသော ကန်ဘို-125 ဆိုင်ကယ်အား တွန်းလာသဖြင့် မသင်္ကာ၍ ခေါ်ယူစစ်ဆေးရာ ကျော်သက်နိုင်(ခ)မှတ်ကြီး(၂၃)နှစ် ရမ်ပူရပ်ကွက်နေသူဖြစ်ပြီး တွန်းလာသောဆိုင်ကယ်မှာ ည ၇ နာရီခန့်က စီတာပူရပ်ကွက်အတွင်းရှိ Hero အင်တာနက်ဂိမ်းဆိုင်ရှေ့မှ ခိုးယူလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုင်ကယ်ခိုးယူလာသူအား မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ဒုရဲမှူး မိုးဇော်နှင့် ဒုရဲအုပ်သက်ဇော်ဦးတို့က ထပ်မံစစ်ဆေးမှုများပြုလုပ်ရာ ၎င်းတစ်ဦးတည်း ဆိုင်ကယ် ၁၅ စီး ခိုးမှုကျူးလွန်ခဲ့ကြောင်း၊ စူပါကတ်ဆိုင်ကယ် ငါးစီးနှင့် အမျိုးအမည်စုံ 125 ဆိုင်ကယ်ခုနစ်စီး စုစုပေါင်း ၁၂ စီးသိမ်းဆည်းရမိထားပြီး ကျန်သုံးစီးအား သိမ်းဆည်းရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုယ်းကျ(မြစ်ကြီးနား)

မြိတ်မြို့၌ လုံခြုံရေးအသိပညာပေး စာတွေ့လက်တွေ့ ပို့ချ

မြိတ် နိုဝင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မိုင်းအသိပညာပေးနှင့် လုံခြုံရေး အသိပညာပေး စာတွေ့လက်တွေ့သရုပ်ပြပို့ချခြင်းအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီကကျင်းပခဲ့သည်။

ဆက်လက်၍ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီးစန်းကိုကိုက အဖျက်သမားများ၏ လက်လုပ်မိုင်းများအကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းပြီး မသင်္ကာဖွယ်ရာ မိုင်းတွေ့ရှိပါက ရှေးဦးစွာ ပြုလုပ်ရမည့်အကြောင်းတို့ကို လက်တွေ့သရုပ်ပြ ရှင်းလင်း၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်က မိမိတို့မြို့နယ်အတွင်း မြို့နယ်/ဒေသ/ကျေးရွာများအလိုက် ပေါက်ကွဲတတ်သောကိရိယာများ၊ အန္တရာယ်ဖြစ်စေမည့်အရာဝတ္ထုများတွေ့ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မိမိတို့ဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများကို အမြန်ဆုံးသတင်းပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(၂၃၈)

ကန်တော်ကြီးရေလှောင်ကန် မိုးရေများပြည့်ဝစွာလှောင်နိုင်၍ ပြည်သူများသောက်သုံးရေအတွက် စိတ်အေးရ

ဖျာပုံ နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ရေချိုရှားပါးပြီး ရေငန်ဝင်ရောက်သည့် ပင်လယ်နှင့် အနီးဆုံး မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်။ ခေတ်အဆက်ဆက် ရေချိုတူးဖော်နိုင်ခြင်းမရှိသည်မှာ ယခုအချိန်အထိဖြစ်သည်။ ဖျာပုံမြို့နေပြည်သူများ သောက်သုံးရေအတွက် တောင်ပိုင်းကန်တော်ကြီး မြေသားမိုးရေလှောင်ကန်နှင့် မြောက်ပိုင်း ချောင်းတွင်းကျေးရွာအနီးရှိ မြေသားမိုးရေလှောင်ကန်အပါအဝင် မြို့တွင်းရှိ မိုးရေလှောင်ကန်များကိုသာ အားထားသုံးစွဲနေကြရသည်။ ယခုနှစ်တွင် မိုးမှာပုံမှန်ထက်ပိုမိုရွာသွန်းသဖြင့် နိုဝင်ဘာ ၂ ရက်အထိ ကန်တော်ကြီး မိုးရေလှောင်ကန်တွင် မိုးရေများ ပြည့်ဝစွာသိုလှောင်ထားနိုင်ပြီဖြစ်သည်။

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မိမြို့ဖများပူးပေါင်း၍ ရေတွန်းစက်များဖြင့် မြောက်ပိုင်း ချောင်းတွင်း မိုးရေလှောင်ကန်မှ မြောက်ပိုင်းရပ်ကွက်အသီးသီးသို့ ပို့လွှတ်၍ ပြည်သူများကို ရေတိုင်များရယူသုံးစွဲစေပြီး တောင်ပိုင်း ကန်တော်ကြီးမြေသားမိုးရေလှောင်ကန်မှလည်း ရေတွန်းစက်များဖြင့် တောင်ပိုင်းရပ်ကွက်အသီးသီးရှိ ပြည်သူများအား ရေတိုင်များအပြင် အများသုံးအုတ်ရေလှောင်ကန်များဖြင့် ရယူသုံးစွဲနေပြီဖြစ်ရာ ယခုနှစ်တွင် သောက်သုံးရေအတွက် ပြည်သူများ စိတ်အေးရပြီဖြစ်ကြောင်းသိရသည်။

(၅၄၀)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လူမှုရေး/စီးပွားရေးကြော်ငြာ

မဟာစည်သြဝါဒခံ
သာသနာ့ဗိမာန်ရိပ်သာ (ယှိုးဒယားကျောင်း)
စုပေါင်းကထိန်လှူသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာ သုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၃) ကြိမ်မြောက် စုပေါင်းကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
- ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - သာသနာ့ဗိမာန်ရိပ်သာ၊ ဓေဟိသိကဓမ္မာရုံ

သာသနာနုဂ္ဂဟအဖွဲ့၊ ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀

သဲအင်းဂူ(၇)ရက်အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ အောင်ချမ်းသာကျောင်းတိုက်၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်မှ ၁၈ ရက်အထိ (၇)ရက်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည် ဖြစ်ပါသည်။ တရားစခန်းပွဲတွင် ကျောက်ပန်းတောင်းမြို့ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကျောင်းဆရာတော် နယ်လှည့် သာသနာပြု မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တဓမ္မသာမိ (ကျောက်ပန်းတောင်း) အရှင်သူမြတ်က သမထ ဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ နိုဝင် ဘာလ ၁၁ ရက် ညနေ ၅ နာရီအရောက် ကြွရောက်ပါရန် နိုးဆော်အပ်ပါသည်။

ဦးအောင်ကြည်-ဒေါ်ကြည်စော အောင်ချမ်းသာကျောင်းတိုက် (၁)ဝိုင်း

အမည်ပြောင်း အဖ ဦးခင်မောင်အေး၏သား မောင်ဥက္ကာပိုင်အား မောင်လင်းသန့်နိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းသန့်နိုင်**

စတုတ္ထအကြိမ်
ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏
ကထိန်အလှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
အခမ်းအနားဖိတ်ကြားလွှာ

စတုတ္ထအကြိမ်မြောက်၊ ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်အလှူပွဲ၊ အစိုးရဓမ္မာစရိယတန်းအောင်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်း၊ အောင်မြေသာယာဘုန်းကြီး ကျောင်းဝင်း အတွင်းရှိ ဝမ်းတွင်းမြို့နယ်အသင်း ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါကထိန်အလှူပွဲနှင့်အတူ ၂၀၁၂-၁၃ အစိုးရဓမ္မာစရိယတန်းအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ၂၀၁၂-၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် မတိုင်မီ အစိုးရဓမ္မာစရိယတန်းအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းသူ၊ အသင်းသားများ၏ သားသမီးများ၏စာရင်းကို ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် မတိုင်မီ အမှတ်-၆၅၊ မင်းနန္ဒာလမ်း၊ သာကေတ မြို့နယ်၊ ဖုန်းအမှတ် ၀၁-၉၁၉၀၄၉၆၊ ၀၁-၂၉၁၄၄၁၊ ၀၉-၂၀၄၃၆၉၅၊ ၀၉-၈၆၀၁၂၄၀၊ ၀၉-၇၃၂၂၅၃၉၅ သို့ ဆက်သွယ် သတင်းပေးပို့နိုင်ပါသည်။

ရောင်းမည်။

လှိုင်သာယာ စက်မှုဇုန် (1)၊ 2 လကွက်၊ မြေ(1) ဧကပိုင်း ရောင်းမည်။

09 861 8181
09 49333383, 09 43177001

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန် အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ ဆင့်ကျောင်းဆောင် သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင်လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်-၁၂၀၈၊ အလျား ပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသက်မိုးလှိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ မြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများမှ ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှချို(စဉ်-၅၅၅၄/၉၁)
တရားလွှတ်တော်ရှေ့နေ
B.Sc,H.G.P,R.L,D.B.L,D.M.L
တိုက်-၄၈၊ အခန်း(၁၁)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖိတ်ကြားအပ်ပါသည်

ရေတပ်လေ့ကျင့်ရေးကျောင်း(ဆိပ်ကြီး)၊ ရေကြောင်းပညာသိပ္ပံကျောင်း(ဆင်မလိုက်)နှင့် ရေကြောင်းကောလိပ်တို့မှ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းဆင်းခဲ့သော ကျောင်းသားဟောင်းများက သံဃာတော်မြတ်တို့အား ကထိန်သင်္ကန်းနှင့်တကွ ဆွမ်းခဲဖွယ်၊ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြကုန်သော ညီနောင်ရောင်းရင်းများအတွက် ရေစက်ချအမျှပေးဝေရန်နှင့် တတိယအကြိမ် သက်ကြီးကျောင်းသားဟောင်းကြီးများကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန်။ ။ နံနက် ၁၀ နာရီ
နေရာ။ ။ ကမ္ဘောဇကျောင်းတိုက်၊ ရတနာလမ်း၊ သာကေတ၊ (၁၀)တောင်ရပ်ကွက်၊ ဆောက်လုပ်ရေးမှတ်တိုင်အနီး

ဆက်သွယ်ရန်။	**သိန်းဝင်း**	**ဖုန်း-၀၉-၅၀၃၆၇၄၀**
	ဇော်ဝင်း	**ဖုန်း-၀၉-၅၁၈၈၃၀၃**
	ကျော်စိန်ဝင်း	**ဖုန်း-၀၁-၇၀၃၈၃၄**
	ညီညီမောင်	**ဖုန်း-၀၉-၅၁၇၅၈၅၃**

ပြည်တွင်းရေးရာ

စံပြကျေးရွာ၌သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲနှင့် ဘက်စုံသုံး အေဝမ်းမီးဖိုများပေးအပ်ပွဲ ကျင်းပ

မလှိုင် နိုဝင်ဘာ ၅

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရေး နှင့်ထင်းအစား အခြားလောင်စာတိုးချဲ့သုံးစွဲရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် ဦးတည်ချက်တစ်ရပ်အဖြစ် လက်တွေ့ အကောင်အထည်ဖော်လျက်ရှိရာ ဒေသခံပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် များ ပိုမိုသိရှိလာစေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဘက်စုံသုံး အေဝမ်းမီးဖိုအလုံး ၈၀ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သဘွတ်ကုန်း(တောင်) ကျေးရွာ၌ အောက်တိုဘာ ၃၁ ရက် နံနက်က ကျင်းပရာ မိတ္ထီလာ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်-၁ က သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဦးအောင်ကျော်ဦးက စံပြကျေးရွာရွေးချယ်ရခြင်းအကြောင်းကို ပြောကြား သည်။ ထို့နောက် တက်ရောက်လာသည့် အိမ်ထောင်စု ၈၀ အတွက် ဘက်စုံသုံးအေဝမ်းမီးဖို အလုံး ၈၀ ကို တာဝန်ရှိသူများက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

လှိုင်သာယာတပ်ထိပ်မှတ်တိုင် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၅

လှိုင်သာယာ ဘုရင့်နောင်တံတား အတက်နှင့် အဆင်းတွင် ယာဉ်ကြော ပိတ်ဆို့မှု နေ့စဉ် ဖြစ်ပေါ်မှုတွင် တပ်ထိပ်မှတ်တိုင်ရှိ ယာဉ်ကြောတွင် သုံးတန်အောက်ယာဉ်များ ပြိုင်တူ တိုးဝင်ကြသည့်အတွက် ယာဉ်ကြော ပိတ်ဆို့မှု ဖြစ်ပေါ်ရခြင်းဖြစ်ပြီး မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှလည်း ယာဉ်အန္တရာယ်မဖြစ်စေရန် ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗိုလ်ချုပ်မှတ်တိုင်နှင့် တိုးဂိတ်ကြား ၌ ယာဉ်ကြောပိတ်ဆို့ခြင်းသည် ပဒေသာပင်မြို့တော်မှ ရန်ကုန်-ပုသိမ်လမ်းပေါ်သို့ တိုးထွက်လာသော ယာဉ်များ ပန်းလှိုင်ဂေါက်ကွင်းသို့ ဖြတ်သန်းခြင်း၊ ကွေ့ဝင်ခြင်း၊ မိန်း လမ်းပေါ်သို့ နေရာယူခြင်းတို့ကြောင့် ဖြစ်ပြီး တိုးဂိတ်နှင့် တပ်ထိပ် မှတ်တိုင်ကြား ယာဉ်ကြောပိတ်ဆို့ ခြင်းသည် တပ်ထိပ်မှတ်တိုင်ရှေ့ရှိ ယာဉ်ကြောတွင် နှစ်စီး၊ သုံးစီး ပြိုင်တိုး၍ ဘုရင့်နောင်တံတား အတက်၌ နေရာရရန် တိုးဝင်ကြ ကြောင့်ဖြစ်သည်။ တပ်ထိပ်မှတ်တိုင် နှင့် ဘုရင့်နောင်တံတား အတက် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခြင်း သည် တံတားအတက်ယာဉ်တစ်စီးစာ ယာဉ်ကြောကို နှစ်စီးယှဉ်မောင်း ခြင်း၊ လိုင်းကားများ လမ်းပြောင်းပြန် မောင်း၍ တံတားပေါ်သို့ တိုးဝင်ခြင်း၊ စက်ဘီးများ သတ်မှတ်နေရာမှ မသွားဘဲ တံတားအလယ်မှ ဖြတ်သန်းနေခြင်း တို့ကြောင့်ဖြစ်ပြီး တံတားအဆင်း၌ ယာဉ်ကြောထပ်မံပိတ်ဆို့ခြင်းသည် ဘုရင့်နောင်ပွဲရုံသို့သွားသော ခရီးသည် များကို မှတ်တိုင်မဟုတ်ဘဲ အတင်

အချပြုလုပ်ခြင်းနှင့် ကတ္တရာလမ်း များ ပျက်စီးနေသောကြောင့် ယာဉ်များအနေဖြင့် ချိုင့်ခွက်များကို ဖြည်းညင်းစွာ ဖြတ်သန်းရသည့်အတွက် တံတားအဆင်း၌ ယာဉ်ကြောကျပ်၍ ဘုရင့်နောင်တံတားပေါ်တွင်လည်း ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်ရခြင်းဖြစ်သည်။

